# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၃)ရက် ၊ တနင်္လာနေ့ ၊ (5-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်




**နေပြည်တော် ဇန်နဝါရီ ၄**

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စည်သူဘွဲ့ရရှိသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ပိုးရယ်အောင်သိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။**




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်

အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး ငွေကြေးအရင်းအနှီးရရှိရေးအတွက် MSME ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။ MSME လုပ်ငန်းရှင်တစ်ဦးကဖြစ်စေ သို့မဟုတ် MSME လုပ်ငန်းများကို စိတ်ပါဝင်စားပြီး လုပ်ငန်းစတင်ဆောင်ရွက်လိုသူကဖြစ်စေ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် MSME ချေးငွေများလျှောက်ထားလာပါက ထုတ်လုပ်မှုလုပ်ငန်း၊ လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း၊ လက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အခြားလုပ်ငန်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ထိုသို့စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံပြီး အသေးစား၊ အငယ်စား၊ အလတ်စားဟူ၍ သတ်မှတ်ကာ ချေးငွေထုတ်ချေးပေးခြင်းဖြစ်သည်။

ထို့ပြင် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးအလိုက် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကျင်းပပြုလုပ်ပေးလျက်ရှိပြီး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။ ယခုကဲ့သို့ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကျင်းပပေးခြင်းသည် MSME လုပ်ငန်းများမှ ထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူပြည်သူများ သိရှိနိုင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကဏ္ဍဖြစ်သည်။ အဆိုပါ ကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်ဖြစ်သည်။ ထို့ကြောင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အတိုင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုသကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုပေသည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်ချက် လေးခုရှိသည်။ ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်တို့ဖြစ်သည်။ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းရရှိရေးကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် ဒေသတွင်းရှိပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များက လိုက်ပါလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၉၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ငပုတော ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၉၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၈၄ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၅၉၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်ကောင်းမြို့အတွင်း မြေပဲ ကေ ၃၆၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးတာဟာ ပြည်သူတွေဆီစားသုံးမှု ဖူလုံစေဖို့၊ ဘေးကင်းလုံခြုံတဲ့ ဆီတွေစားသုံးနိုင်ဖို့၊ ဒေသရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ တစ်ကေအထွက်နှုန်းကောင်းစေဖို့ စနစ်တကျစိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံမြေပဲ လျာထားကေပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့စိုက်ပျိုးရေး နည်းလမ်းတွေကို မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ခင်ဦး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် မတ်ပဲ ကေ ၇၂၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၂၄၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း မတ်ပဲ ကေ ၇၂၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၂၄၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပင်းတယမြို့နယ် အုံတုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**ပင်းတယ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အုံတုံပင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသိန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အုံတုံပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးနဲမြို့နယ် ဆိုင်းဖယ်(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိုင်းဖယ်(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သက်ဝါခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆိုင်းဖယ်(ရွာသစ်)ကျေးရွာရှိမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆိုင်းဖယ်(ရွာသစ်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကိုသန့်စင်-မအေးအေးငြိမ်းမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၁၂၄၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၅၁၂၄၈ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၇၇၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၁၂၄၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၈ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ စပါး ၈၁၇၇၄ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၅၁၂၄၈ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် စိုက်ပျိုးထားသောစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံ မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျော်ခေါင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၇ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် သန်း ၃၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ပြီးခဲ့တဲ့လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိလဲ ဆန်အိတ်တွေ အများအပြား အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရက် ၉၀ ဆန်တွေက အရည်အသွေးကောင်းမွန်ပြီး လူတန်းစား မရွေးစားသုံးနိုင်တဲ့ ဆန်အမျိုးအစား ဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ချစ်လို့တင်ပြပါရစေ

## ချစ်နိုင်(စိတ်ပညာ)

**"Be a free thinker and don't accept everything you hear as truth. Be critical and evaluate what you believe in"**

**SOCRATES(469–399 BC)**

ကြားသိရသမျှအမှန်ဟူ၍ အရာရာကို လက်မခံလေနှင့်။ လွတ်လပ်သောတွေးခေါ်တတ်သူတစ်ဦး ဖြစ်ပါစေ။ ချင့်ချိန်သုံးသပ်တတ်သူ၊ တန်ဖိုးဖြတ်တတ်သူ၊ မိမိဘာကို ယုံကြည်အပ်သည်ဟု ခွဲခြားဝေဖန်တတ်သူဖြစ်စေလိုသည်။

**ဆောခရတ္တိ၊**
**ခေါမအတွေးအခေါ်ပညာရှင်**

ယနေ့ခေတ်ကြီးမှာ သတင်းမီဒီယာဝက်ပါက အဆန်းတကြယ်လှည့်စားဖမ်းစားပုံများကား ပြော၍မကုန်၊ ရေး၍မပြီးနိုင်လောက်အောင် ထွေပြားမြားမြောင်လှပါ၏။ သတင်းခေတ်၊ ပညာခေတ်အလယ်မှာ ရောက်ရှိနေပြီဖြစ်သဖြင့် ရှောင်လွှဲ၍မရနိုင်ပေ။

ဟိုဝင်သည်ထွက်နှင့်လမ်းလွဲလမ်းမှား၊ လမ်းချော်၍မိမိတို့သွားနေခဲ့ကြသည်မှာ ရယ်စရာလည်းကောင်း သလောက် စိတ်ဆင်းရဲအားငယ်စရာလည်းဖြစ်နေလေတော့သည်။ ဘေးနားကပ်လျက်က ထမင်းနပ်မမှန်ကြဘဲ ဆန်ပြုတ်မျှသာ ခွဲတမ်းနှင့်ဝေပေးသမျှ စားသောက်ခဲ့ကြရသော လွန်ခဲ့သည့်နှစ်ပေါင်း ၆ဝ ကျော်က ငတ်မွတ်ပြီးဆိုးရွားသော ရာသီဥတုအတွင်း ခြံစရာစောင်မဆိုထားနှင့် အဝတ်အစားပင် လုံအောင်မဝတ်နိုင်ရှာဘဲ သန်းပေါင်း ၄ဝ လောက်(ငတ်မွတ်ခေါင်းပါးမှုကပ်ဆိုးကြီး ကြုံတွေ့ကာ) အတုံးအရုံးသေဆုံးခဲ့ကြရသော တရုတ်ပြည်သည် ယနေ့အခါ ကျည်ဆန်ရထား၊ မိုးပျံတိုက်တာအဆောက်အအုံများ၊ ခရုပတ်အထပ်ထပ် ကားလမ်းများနှင့်လူဦးရေ သန်း ၂ဝ၊ သန်း ၃ဝ ကျော် နေထိုင်ကြသော ဖွံ့ဖြိုးလှပသည့် မြို့ပြကြီးများနှင့် တရုတ်နိုင်ငံသား သန်းပေါင်းများစွာ၏ လူနေမှုဘဝအဆင့်သည် သိသိသာသာမြင့်မားသွားခဲ့ပြီ။ အလားတူပင် မြန်မာနိုင်ငံနှင့် မရှေးမနှောင်း နှစ်ဆယ်ရာစုအလယ်ပိုင်းအချိန်ကာလ၌ နယ်ချဲ့ဗြိတိသျှအုပ်ချုပ်ခံဘဝမှအတူတကွ လွတ်လပ်ရေးရခဲ့ကြသော အိန္ဒိယနိုင်ငံသည်လည်း တရုတ်နိုင်ငံကဲ့သို့ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လက်နက်အင်အားမှအစ အာကာသသိပ္ပံအဆင့်တိုင်အောင်ပင် ကမ္ဘာတွင် ထိပ်တန်းငါးနိုင်ငံထဲပါဝင်နေပေပြီ။ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါ။

တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူစသောအာရှနိုင်ငံများမဆိုထားနှင့် အိမ်နီးနားချင်း ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုသည် အထိုက်အလျောက် ကောင်းမွန်ဖွံ့ဖြိုးလာခဲ့ကြပေပြီ။ မိမိတို့နိုင်ငံကား မစည်းလုံး၊ မညီညွတ်ခဲ့ခြင်းနှင့် လက်နက်ကိုင်လမ်းစဉ်အဖျက်လုပ်ရပ်များကြောင့် အစိုးရက ရှေ့မှ လမ်းတွေဖောက်၊ တံတားတွေဆောက်၊ နောက်က လက်နက်ကိုင် ဆူပူသောင်းကျန်းသူက မိုင်းခွဲဖျက်ဆီး၊ ရထားများ၊ ကားများကို ပစ်ခတ်နှောင့်ယှက်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုကို ဖြတ်တောက်ဖျက်ဆီးကြရုံမျှမက လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊ တာဝါတိုင်ကြီးများ၊ ထရန်စဖော်မာများ စသည့်တို့ကို ဗုံးခွဲဖျက်ဆီးခြင်း စသည်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုမဖြစ်စေရန် နှောင့်ယှက်ခဲ့ကြပေသည်။ သမိုင်းထဲက သင်ခန်းစာယူကြရပါမည်။

နိုင်ငံရေးခေါင်းဆောင်လုပ်သူတချို့၏ လွဲချော်မှားယွင်းသောနိုင်ငံရေးအတွေးအခေါ် အယူအဆသည် ၂၁ ရာစုအခြေအနေမဆိုထားနှင့် ၂ဝ ရာစုကာလ ဆီ၌ပင် ခေတ်မမီသော မိုက်မဲရက်စက်သည့်အကြမ်းဖက်လုပ်ရပ်များဖြင့် ပြည်သူနှင့် နိုင်ငံကို နိမ့်ကျဆင်းရဲအောင် ဖျက်ဆီးခဲ့ကြလေသည်။ သူတို့သည်လည်း ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံသား၊ တိုင်းရင်းသားများသာဖြစ်သဖြင့် သက်သက်ညှာညှာ၊ ကြင်နာစာနာစွာ အကြိမ်ကြိမ် ခွင့်လွှတ်သည်းခံခဲ့ကြသော်လည်း တစ်ဗိုလ်တစ်မင်း စစ်အာဏာရှင်အဖြစ် အကြမ်းဖက်ဝါဒ လက်ကိုင်ကျင့်သုံးလာကြသဖြင့် အစိုးရက ပြတ်သားစွာ ချေမှုန်းရှင်းလင်းလျက်ရှိနေပေပြီ။ မကြာမီချုပ်ငြိမ်းပပျောက်လောက်ပါ၏။

မြန်မာနိုင်ငံသည် လူများစုက ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ သို့ရာတွင် ဘာသာတရားအဆုံးအမကို နာယူရန်နားဝေးလှသောအမည်ခံ ဗုဒ္ဓဘာသာဝင်အချို့လည်းရှိခဲ့သည်။ ဘာသာမဲ့ဟုမထုတ်ဖော်ကြသော်လည်း ဘာသာတရားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သြဝါဒများကို ခေတ်မမီတော့သော ရှေးဟောင်းစာပေများဟုသာ သဘောထားပစ်ပယ်သော လူငယ်များလည်းရှိနေခဲ့ကြသည်။

**❖ မဟာဗျူဟာက လှေကားပေါင်နှစ်ခုဆိုလျှင် နည်းဗျူဟာလှေကားထစ်၊ လှေကားဆန်များလည်း လိုက်လျောညီထွေ တပ်ဆင်ရပေမည်။ ပန်းတိုင်မှန်ကန်၍ လက်တွေ့ကျရန် အရေးကြီးသည်မှာမှန်ပါ၏။ မဟာဗျူဟာကလည်းကောင်းလှပါ၏။ နည်းဗျူဟာများကလည်း လက်တွေ့ကျသဖြင့် အားရစရာရှိပါ၏။ သို့တစေ အရေးအကြီးဆုံး အချက်တစ်ရပ်တော့ရှိပေသေးသည်။ အဓိကအကျဆုံးအပိုင်းဟုလည်း ဆိုနိုင်ပါသည်။ အဘယ်နည်း။ ကိုယ်တိုင်ဤခရီးကို ပါဝင်ချီတက်ကြမည့် "ကျွန်ုပ်တို့၏ ပြည်သူလူထုကြီး"ပေတည်း။ ပြည်သူလူထုကြီးက စိတ်ပါလက်ပါ လိုလိုလားလား စိတ်အားထက်သန်သော ဆန္ဒစိတ်သဘောထားရှိရပေမည်။ ❖**

မိသားစုမှစ၍ အသင်းအပင်း၊ အဖွဲ့အစည်းမှန်သမျှကိုချစ်ခင်စည်းလုံးခြင်း၊ အပြန်အလှန်စာနာ နားလည်ခြင်း၊ ယုံကြည်အားကိုးခြင်း၊တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင်လေးစားတန်ဖိုးထားခြင်း၊ သည်းခံခွင့်လွှတ်ခြင်းနှင့် စည်းလုံးညီညွတ်စေသည့်အခြေခံအကြောင်းတရားကို မြတ်စွာဘုရားက ပရိသတ်အင်အားအလွန်များပြားသော ဟတ္ထကအာဠဝကမင်းသားကို အမေးအဖြေဖြင့် ထုတ်ဖော်ဟောကြားခဲ့ဖူးပေသည်။

**၁။ ဒါန၊ ပေးကမ်းခြင်း။** မေတ္တာဖွဲ့နှောင်၍ အပြန်အလှန်စာနာ၊ နားလည်၊ လေးစားစေသည်။

**၂။ ပေယျဝဇ္ဇ။** ပြုံးရွှင်ချိုသာ၊ယဉ်ကျေးစွာ ပြောဆို **ပြုမူဆက်ဆံခြင်း၊** ချစ်ခင်ကြင်နာမှုများ ပိုမိုခိုင်မာစည်းလုံးစေပါသည်။

**၃။ အတ္ထစရိယာ။** **လိုအပ်သောအခါ ကူညီခြင်း၊** အလေးထားအချိန်ပေး၍ အားပေးခြင်း၊ ဝိုင်းဝန်းဖြည့်ဆည်းပါဝင်ခြင်းဖြင့် ညီညွတ်မှုပိုရသည်။

**၄။ သမာနတ္တတာ။** **တန်းတူထား၍ ဆက်ဆံခြင်း၊** မချိုးနှိမ်မပုတ်ခတ်၊ အထင်မသေး၊ မနှိမ့်ချဘဲ ဆက်ဆံခြင်း။

ခေတ်ကိုပြောင်းလိုလျှင် အစီအစဉ်တကျဖြင့် ကောင်းမွန်သောရည်ရွယ်ချက်၊ နည်းလမ်း၊ စနစ်တို့ရှိမှဖြစ်ပါသည်။ ဤအချက်ကို လူတိုင်းသိမြင်ကြပေသည်။ ရည်မှန်းချက်၊ မှန်ကန်သောပန်းတိုင်ချမှတ်ရမည်။ ချီတက်ကြမည့်မဟာဗျူဟာနည်းနာကြိုတင်မြော်တွေးကာ ရေးဆွဲရမည်။ နည်းဗျူဟာများလည်း အဆင့်ဆင့်ပါဝင်ကြရပေလိမ့်မည်။ မဟာဗျူဟာက လှေကားပေါင်နှစ်ခုဆိုလျှင် နည်းဗျူဟာလှေကားထစ်၊ လှေကားဆန်များလည်း လိုက်လျောညီထွေ တပ်ဆင်ရပေမည်။

ပန်းတိုင်မှန်ကန်၍ လက်တွေ့ကျရန် အရေးကြီးသည်မှာမှန်ပါ၏။ မဟာဗျူဟာကလည်းကောင်းလှပါ၏။ နည်းဗျူဟာများကလည်း လက်တွေ့ကျသဖြင့် အားရစရာရှိပါ၏။ သို့တစေ အရေးအကြီးဆုံးအချက်တစ်ရပ်တော့ရှိပေသေးသည်။ အဓိကအကျဆုံးအပိုင်းဟုလည်းဆိုနိုင်ပါသည်။ အဘယ်နည်း။

ကိုယ်တိုင်ဤခရီးကို ပါဝင်ချီတက်ကြမည့် **"ကျွန်ုပ်တို့၏ ပြည်သူလူထုကြီး"ပေတည်း။**

ပြည်သူလူထုကြီးက စိတ်ပါလက်ပါ လိုလိုလားလား စိတ်အားထက်သန်သော ဆန္ဒစိတ်သဘောထားရှိရပေမည်။ ဒါဆိုရပြီလား၊ ဤအချက်က ဆန္ဒာဓိပတိဟုဆိုပါကြပါစို့။ (Willingness)

အကျိုးရလဒ်အောင်မြင်မှုတစ်ရပ်ပေါ်ထွက်လာစေရန် လုပ်ဆောင်ရာတွင် ဆန္ဒအင်အားတစ်ခုတည်းဖြင့်လည်း မပြီးမြောက်နိုင်သေးပေ။ ပညာရှိသူများအတွက် ဤအချက်ကို အကျယ်ရှင်းလင်းဖော်ပြနေရန် မလိုဟုယူဆပါသည်။ အဓိပတိတရားသည် အဘိဓမ္မာတရားတော်လာ ပဋ္ဌာန်းတရားအပိုင်း၌ အကြောင်းရင်းတရား ၂၄ ပါးအနက် တတိယအချက်ဖြစ်သည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရှေးယခင်ကပင် သိမြင်ပြီးသား။

**၁။ ဟေတုပစ္စယော** = ကွာဝေးနီးကပ်၊အကြောင်းရပ်တစ်ခုခု၊ အခြေအနေ

**၂။ အာရမ္မဏပစ္စယော** = လတ်တလောရှိနေ တွေ့ကြုံနေရသော အာရုံတစ်ခုခု သို့မဟုတ် အာရုံများ (လှုံ့ဆော်မှု၊ တုံ့ပြန်မှု)

**၃။ အဓိပတိပစ္စယော** = အဓိကကျသော အကြီးအမှူးဖြစ်သော အကြောင်းရင်းတရား။

အဓိပတိတရားမှာ လေးပါးသောအကြောင်းများ ပါဝင်ကြပေသည်–

**၁။ ဆန္ဒာဓိပတိ** = ပန်းတိုင်သို့ မရမနေသွားမည်။

**၂။ စိတ္တာဓိပတိ** = ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်သန်းရပါစေ။

**၃။ ဝီရိယာဓိပတိ** = အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းအားထုတ်မည်။

**၄။ ဝီမံသာဓိပတိ** = ပညာပြည့်စုံခြင်း သဘော။ သက်ဆိုင်သောအတတ်ပညာ၊ နည်းပညာ၊ အခြေခံဥပဒေသ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ စည်းကမ်း၊ ကျင့်ဝတ်၊ စနစ်၊ စသည်တို့ကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်၊ ကြိုတင်မြော်မြင် စီမံလုပ်ဆောင်တတ်ခြင်း၊

ပါဠိပါဠ်သား သာမန်အရပ်သား၊ လူအများနားလည်လွယ်အောင် ကောက်နုတ်၍ပြောမည်ဆိုလျှင်ကား အောက်ပါနှစ်ချက်ကို သဘောပေါက်အောင် ရှင်းပြလိုက်လျှင် ပြည်သူအများ နားဝင်သိမြင်နိုင်ပါ၏။

**၁။ လုပ်ချင်ကိုင်ချင်စိတ်(Willing)**

**၂။ တတ်မြောက်ကျွမ်းကျင်မှု(Skill)**

လူအများက ဤခရီးကိုမရောက်ရောက်အောင် သွားချင်စိတ်လည်း (အူယားနေအောင်၊ မနေနိုင်မထိုင်နိုင်) ဆန္ဒထက်သန်ပြင်းပြနေအောင် ဦးဆောင်တတ်ရပါမည်။ ဧည့်ကြိုကောင်တာက လူအများနှင့် ချိုချိုသာသာပြုံးပြုံးရွှင်ရွှင် ဆက်ဆံပုံမျိုး (Public Relation) ကောင်းသောနိုင်ငံ့ဝန်ထမ်းများက ပြည်သူလေးစားချစ်ခင်၍ ယုံကြည်အားထားထိုက်သူများ (အရည်အချင်းပြည့်ဝစွာ) ဖြစ်ရပေမည်။

မိမိတို့ပြည်သူများ ဘယ်လမ်းကိုလျှောက်လျှင် ထမင်းစားခန်းကိုရောက်မည်။ ဘယ်ဘက်ကိုချိုးဝင်လိုက်လျှင် သန့်စင်ခန်းကို ရောက်လိမ့်မည်ဟု ရှင်းလင်းလွယ်ကူစွာ လမ်းညွှန်ပြသနိုင်သည့်စေတနာ၊ **မေတ္တာရနံ့သင်းပျံ့သော ကိုယ်အမူအရာ၊ နှုတ်အမူအရာရှိသော အစိုးရဌာနဆိုင်ရာဝန်ထမ်းကြီး၊ ငယ်အဆင့်ဆင့်က ဖြစ်ရပါလိမ့်မည်။**

၆၈ ရာခိုင်နှုန်းသော ပြည်သူပြည်သားများနှင့် အမြဲတစေ ထိတွေ့ဆက်ဆံနေကြရသော အစိုးရ(လခစား)ဝန်ထမ်းများ၊ အရာထမ်းများက လူထုကို လက်အောက်ငယ်သားပမာ သဘောထားလျက် ငေါက်လိုက်၊ မာန်လိုက်၊ ဆူပူလိုက်၊ တင်းမာခက်ထန်သည့်မျက်နှာထားများ၊ လေသံများကို ယနေ့ပြုပြင်ပြောင်းလဲနိုင်လျှင်ပင် နက်ဖြန်တွင် ပြည်သူလူထုက တည်ဆဲအစိုးရကို အထူးကျေးဇူးတင်စွာ နေ့စဉ်ညစဉ်မေတ္တာပို့သနေမည်အမှန်ပါ။

ပြည်သူလူထုတစ်ရပ်လုံး၏ နှစ်ရာခိုင်နှုန်းသာရှိသောအစိုးရလခစား၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများအားလုံး၏ အဓိကအားနည်းချက်ဖြစ်သော အလုပ်ကို စိတ်ဝင်တစား **"လုပ်ချင်ကိုင်ချင်စိတ်အားနည်းနေခြင်း"**နှင့် အလုပ်ခွင်၌ **"လုပ်ငန်းကျွမ်းကျင်မှုမရှိဘဲ"**အလွဲလွဲအချော်ချော် အံမကျ၊ မထိရောက်၊ နှေးကွေးကြွန့်ကြာ၊ ဘော်လီဘောပုတ်နေကြခြင်းများ နည်းပါးသွားလျှင်ပင် ဤဝန်ထမ်းများနှင့် နေ့စဉ်လိုလို မျက်နှာချင်းဆိုင်နေရသည့်အရပ်သားလူတန်းစားအလွှာအသီးသီးရှိပြည်သူလူထုကြီးသည် ဝမ်းမြောက်ဝမ်းသာ တအံ့တသြကောင်းချီးသြဘာ ချီးကျူးထောက်ခံကြမှာဖြစ်ပါသည်။

သော့ချက်(Key)ကား ပြည်သူ့ဆက်ဆံရေးအရည်အသွေး၊ (Public Relation Quality) **အစိုးရဝန်ထမ်းအားလုံး (လုပ်ချင်ကိုင်ချင်စိတ်၊ လုပ်တတ်ကိုင်တတ်ကျွမ်းကျင်မှု) ပြည့်စုံစေရန် ရှေ့ဆုံးမှနေ၍ မီးမောင်းထိုးပြရမည်ဖြစ်ပါသည်။** လစဉ်လစဉ် လစာပေးထားရသော အစိုးရလခစား၊ အရာထမ်းဝန်ထမ်းများ၏ အဓိကအရည်အသွေးကို ထိရောက်စွာမြှင့်တင်ပေးမည့် ဤစာအုပ်ကို အသုံးချကြည့်စေလိုပါသည်။ ကွဲပြားထူးခြားလာပါလိမ့်မည်။ အောင်မြင်လိုပါက နမူနာပြရမည်။ ဤစာအုပ်သည် သာမန်လူပြိန်း အရပ်သားများအတွက်မဟုတ်ပေ။ ပါမောက္ခ၊ ကထိက၊ သူနာပြုဆရာမ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ သတင်းစာဆရာ၊ စာရေးဆရာ၊ တိုင်းပြည်ကောင်းအောင် လူထုရှေ့မှ ပြောင်းလဲတိုးတက်အောင် **"ဦးဆောင်လမ်းပြ" ရှေ့မှခေါင်းဆောင်နေကြသူများအတွက် လက်စွဲအဖြစ်တင်ပြရခြင်းဖြစ်ပါသည်။**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၈၄ ကေနှင့် ဖူးစားပြောင်း ၁၉၃၂၇ ကေ စုစုပေါင်း ၂၂၉၁၁ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၃၀၆၃ ကေနှင့် ဖူးစားပြောင်း ၂၂၄၈၇ ကေ စုစုပေါင်းကေ ၂၅၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၂၉၁၁ ကေလျာထားစိုက်ပျိုးခဲ့ရာမှာ ကေ ၂၅၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ အခုလက်ရှိအချိန်မှာ လျာထား ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာ ပေးတာတွေ၊ ပိုးမွှားရောဂါကျ ရောက်မှုမရှိအောင် အသိပညာ ပေးတာတွေ ဆောင်ရွက်ပေးနေ ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်း ပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝ ဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲ တတ်စေရေး စသည့်စိုက်ပျိုးရေး ဆိုင်ရာများ အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သော ကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုး နိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့် ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကော့နိုင်ထုံးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့နိုင်ထုံးကျေးရွာ၌ ကုန်ထုတ် လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကရင်ပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်း ပညာ) ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန် ထုတ်လမ်းဖောက်လုပ်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်း ပညာ)ဒေါ်ခင်ဇာဝင့်က ကုန်ထုတ် လမ်းကို အရည်အသွေးပြည့်မီစွာ ဖြင့် အချိန်မီပြီးစီးအောင် ဆောင် ရွက်ကြရန် ကျေးရွာမှ တာဝန်ရှိ သူများကို မှာကြားခဲ့ကြောင်း သိရသည်။

ကော့နိုင်ထုံးကျေးရွာ၌ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကုန် ထုတ်လမ်းဖောက်လုပ်ခြင်း လုပ် ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၁ ဒသမ ၄၈၂ သန်းဖြင့် အန္တာမြေကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင် တာဝန်ယူ ဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာနှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ကျေးရွာရှိ လယ်ကေ ၂၀၀ ကျော်မှ လယ်ယာထွက်ကုန် များကို ဈေးကွက်သို့ လွယ်ကူ ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင် တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**



# နိုင်ငံ့ရှေ့ရေးရည်မြော်တွေး မြန်မာ့လွတ်လပ်ရေး

- မြန်မာ့လွတ်လပ်ရေး ပြန်ပြောင်းတွေးလျှင်
  သက်ချွေးများစွာ ပေးဆပ်ကာဖြင့်
  ဘာသာအမျိုး ဂုဏ်မညှိုးအောင်
  ကြိုးစားလှုပ်ရှား ပြည်ချစ်သားတို့
  စွန့်စားမှုပေါင်း အောင်မြင်ကြောင်းက
  ကောင်းကျိုးဖော်ပေး လွတ်လပ်ရေးတည့်။

- လွတ်လပ်ရေးသည် ထိုခေတ်ဆီက
  ပြည်ထောင်စုသား စည်းလုံးအားနှင့်
  ပြည့်သားဇာနည် ပြည့်စစ်သည်တို့
  တူညီလက်တွဲ ပါဝင်နွှဲသည်
  အောင်ပွဲစင်စစ် အောင်ရာဖြစ်၏။

- လွတ်လပ်ရေးကြိုးပမ်း ခရီးကြမ်းတွင်
  လမ်းသစ်ပုံဖော် တပ်မတော်ဟု
  ပေါ်ပေါက်လာပြီ နေရောင်ခြည်သို့
  ပြည်သူအများ မျှော်စောင့်စားသည်
  အားတို့တူညီ ပေါင်းစည်းတည်လျက်
  တို့ပြည်လွတ်လပ်ခဲ့လေပြီ။

- တို့သည်သခင်မျိုး ဂုဏ်ရှိန်တိုးပြီ
  တစ်ကိုးလေးရှစ် ပြည်သစ်မော်ကွန်း
  ဖြစ်ထွန်းရပြီ ဇန်နဝါရီလေးရက်
  နံနက်မင်္ဂလာ အောင်ဖေယျာသည်
  ခုခါတွက်စစ် ၇၈ နှစ်တိုင်
  နိုင်ငံဝန်းလုံး ပျော်မဆုံးတည်း။

- ဒို့အရေးသုံးပါး ဦးထိပ်ထား၍
  အားလုံးညီညာ တို့မြန်မာဟု
  ကာကွယ်စောင့်ရှောက် ပြည့်ဂုဏ်မောက်အောင်
  မိုးအောက်မြေပြင် တို့ရေပြင်နှင့်
  ဝေဟင်မကျန် ဖွဲ့အားမာန်နှင့်
  ပြည့်ရန်မှန်သမျှ ကာကွယ်ကြမည်
  ရှေးကအမွေပေး လွတ်လပ်ရေးသည်
  မြေးမြစ်များတိုင် ကျောက်သားတိုင်သို့
  ခိုင်ခိုင်မာမာ တည်တံ့ကြာအောင်
  စွမ်းဆောင်ကြိုးပမ်းကြပါစို့။ ။

**အာကာမောင်မောင်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတ လီဂျေးမြောင် တရုတ်နိုင်ငံခရီးစဉ်စတင်



**ပေကျင်း ဇန်နဝါရီ ၄**

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင် ဦးဆောင်သည့် တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့သို့ ယနေ့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း သမ္မတရာထူး စတင်ရယူခဲ့သည့် သမ္မတလီဂျေးမြောင်အတွက် ပထမဆုံးတရားဝင် တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတလီဂျေးမြောင်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် တရုတ်ခရီးစဉ်အတွင်း ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးကို မြှင့်တင်နိုင်ရန် မျှော်လင့်ထားသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်၏ တရုတ်ခရီးစဉ်တွင် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်ဦးရေ၂၀၀ ကျော်လည်း လိုက်ပါလာကြောင်း တရုတ်မီဒီယာများ၏အဆိုအရ သိရသည်။

Ref : Xinhua

Trs : KKO

# ဘလစ်စတစ်ဒုံးကျည်များ မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

**ဆိုးလ် ဇန်နဝါရီ ၄**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ပင်လယ်ရေပြင်အတွင်းသို့ ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ် ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ပြုံယမ်းမြို့ တည်နေရာမှ တစ်ဆင့် ပစ်လွှတ်ခဲ့သော အဆိုပါ ဘလစ်စတစ် ဒုံးကျည်များသည် ခရီးအကွာအဝေးကီလိုမီတာ ၉၀၀ ခန့်(မိုင်၅၆၀)ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်၏ တရုတ်နိုင်ငံခရီးစဉ်မစတင်မီ နာရီအနည်းငယ်အလိုတွင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ် ဒုံးကျည်များပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ယနေ့ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇူမိကလည်း အတည်ပြုထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ကျင်းပမည့် ကိုရီးယားအလုပ်သမားပါတီ ညီလာခံမတိုင်မီ လက်နက်စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

လက်ရှိတွင် ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် ကိုရီးယားအလုပ်သမားပါတီညီလာခံ ကျင်းပမည့်အချိန်ကို မြောက်ကိုရီးယားအစိုးရက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗင်နီဇွဲလားပြဿနာအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပမည်

**နယူးယောက် ဇန်နဝါရီ ၄**



ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်နိုင်ငံက စီးနင်းတိုက်ခိုက်ကာ သမ္မတမာဒူရိုကိုဖမ်းဆီးခေါ်ဆောင်သွားမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇန်နဝါရီ ၅ ရက်တွင် အစည်းအဝေးကျင်းပရန် စီစဉ်ထားကြောင်း Xinhua သတင်း ဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ဗင်နီဇွဲလားပြဿနာနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ အစည်းအဝေးကို ဇန်နဝါရီ ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂသံတမန်များက ပြောကြားထားသည်။

ဗင်နီဇွဲလားနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပေးရေးအတွက် ကိုလံဘီယာနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ထောက်ခံမှု ပေးထားကြောင်း သိရသည်။

အမေရိကန် တပ်မတော်သည် သမ္မတဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံကို စီးနင်းတိုက်ခိုက်ခဲ့ပြီး သမ္မတမာဒူရိုနှင့် ဇနီးဖြစ်သူတို့ကို ဖမ်းဆီးခဲ့သည်။

အမေရိကန်နိုင်ငံ၏ အဆိုပါ လုပ်ရပ်သည် အန္တရာယ်ကြီးမားသည့် လုပ်ရပ်မျိုးဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဝေဖန်ထားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန် ၂၀၂၅ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများကလည်း ဗင်နီဇွဲလားပြဿနာ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဗင်နီဇွဲလားယာယီသမ္မတအဖြစ် ဒုတိယသမ္မတ ရိုဒရီဂတ်ဇ်ကို တရားလွှတ်တော်ချုပ် ခန့်အပ်တာဝန်ပေး

**ကာရာကက်စ် ဇန်နဝါရီ ၄**

သမ္မတနီကိုလပ်စ်မာဒူရို မရှိသည့် ကာလအတွင်း ဒုတိယသမ္မတ ဒယ်လ်ဆီရိုဒရီဂတ်ဇ်ကို ယာယီသမ္မတအဖြစ် ဗင်နီဇွဲလား တရားလွှတ်တော်ချုပ်က ဇန်နဝါရီ ၃ ရက်တွင် တာဝန်ပေးထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတမာဒူရို ဖမ်းဆီးခံထားရသည့် ကာလအတွင်း အစိုးရယန္တရား ဆက်လက်လည်ပတ်နိုင်ရေးအတွက် ဒုတိယသမ္မတ ရိုဒရီဂတ်ဇ်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် တာဝန်ယူရမည်ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်၏ စီရင်ချက်၌ ဖော်ပြထားသည်။



အမေရိကန် တပ်မတော်သည် သမ္မတဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ ဇန်နဝါရီ ၃ ရက်တွင် ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီး သမ္မတ မာဒူရိုကို ဖမ်းဆီးခဲ့သည်။

သို့ရာတွင် လက်ရှိသမ္မတမာဒူရို၏ နိုင်ငံရေးမဟာမိတ်များက ထိန်းချုပ်ထားဆဲ ဖြစ်ကြောင်း သိရသည်။

ဗင်နီဇွဲလားယာယီသမ္မတ ရိုဒရီဂတ်ဇ်သည် ၂၀၁၈ ခုနှစ် ဇွန်လတွင် ဗင်နီဇွဲလား ဒုတိယသမ္မတရာထူးကို ရယူခဲ့သူဖြစ်သည်။

ရိုဒရီဂတ်ဇ်သည် ဒုတိယသမ္မတရာထူးမရယူမီ ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ တာဝန်ယူခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆီးရီးယားနိုင်ငံတွင်းရှိ မြေအောက်လက်နက်တိုက်များကို ဗြိတိန်နှင့် ပြင်သစ် စစ်လေယာဉ်များ ပူးပေါင်းဖျက်ဆီး

**လန်ဒန် ဇန်နဝါရီ ၄**

အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်) အုပ်စုက အသုံးပြုခဲ့ဖွယ်ရှိသော ဆီးရီးယားနိုင်ငံတွင်းရှိ မြေအောက်လက်နက်တိုက်များကို ဗြိတိန်နှင့် ပြင်သစ်တို့က ဇန်နဝါရီ ၃ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆီးရီးယား နိုင်ငံတွင်း၌ အိုင်အက်စ်အုပ်စု အသုံးပြုခဲ့ဖွယ်ရှိသော မြေအောက်လက်နက်တိုက်များကို ပူးပေါင်းစစ်ဆင်ရေးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်နှင့် ပြင်သစ် စစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် နေရာများမှာ အရပ်သားနေထိုင်မှုမရှိသည့် နေရာများဖြစ်ကြကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ဇန်နဝါရီ ၃ ရက် လေကြောင်း စစ်ဆင်ရေးတွင် ဗြိတိန်ဘုရင့်လေတပ်မှ တိုင်ဖွန်းတိုက်လေယာဉ်များနှင့် ဝေဟင်လောင်စာဖြည့်လေယာဉ်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်အုပ်စု ပြန်လည်ခေါင်းမထောင်နိုင်ရေးအတွက် အနောက်အုပ်စုနိုင်ငံများသည် ဆီးရီးယားဝေဟင်၌ လေကြောင်း ကင်းလှည့်မှုများ ပြုလုပ်လေ့ရှိသည်။

ဗြိတိန်နှင့် ပြင်သစ် စစ်လေယာဉ်များသည် ဇန်နဝါရီ ၃ ရက်တွင် ဆီးရီးယားအလယ်ပိုင်း ပါလ်မီရာမြို့မြောက်ဘက်ရှိ မြေအောက်လက်နက်တိုက်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

(ယမန်နေ့မှ အဆက်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၁ | မင်းဘူးမြို့နယ် | | | ၆၆၈၂၉ | ၄၆၇၂ | ၇၁၅၀၁ | |
| | | ဦးခင်မောင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၀၀၆ | ၃၄၂၁ | ၃၅၄၂၇ | ၄၉.၅၅% |
| | | ဦးဖြိုးဝင်းလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၈၁ | ၄၇၇ | ၁၂၁၅၈ | ၁၇.၀၀% |
| | | ဦးဇော်မင်းအောင် | ပြည်သူ့ပါတီ | ၈၅၆၃ | ၂၈၂ | ၈၈၄၅ | ၁၂.၃၇% |
| | | ဒေါ်ခင်ချောဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၁ | ၁၀၆ | ၅၉၉၇ | ၈.၃၉% |
| | | ဦးဘုန်းမြတ်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၈၁ | ၂၁၂ | ၄၆၉၃ | ၆.၅၆% |
| | | ဦးဖြိုးကိုကိုအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၀၇ | ၁၇၄ | ၄၃၈၁ | ၆.၁၃% |
| ၂၂ | သရက်မြို့နယ် | | | ၂၂၈၂၇ | ၂၇၃၄ | ၂၅၅၆၁ | |
| | | ဦးနိုင်ဦးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၈၃၀ | ၁၉၉၁ | ၁၀၈၂၁ | ၄၂.၃၃% |
| | | ဦးသန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၅၃၄ | ၃၄၀ | ၅၈၇၄ | ၂၂.၉၈% |
| | | ဦးသက်လွင် | ပြည်သူ့ပါတီ | ၅၄၄၁ | ၂၄၃ | ၅၆၈၄ | ၂၂.၂၄% |
| | | ဒေါ်တင်တင်လှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၂ | ၁၆၀ | ၃၁၈၂ | ၁၂.၄၅% |
| ၂၃ | အောင်လံမြို့နယ် | | | ၆၃၈၀၆ | ၄၈၈၃ | ၆၈၆၈၉ | |
| | | ဦးတင်အောင်ချစ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၆၈ | ၄၀၄၀ | ၃၄၁၀၈ | ၄၉.၆၆% |
| | | ဦးထွန်းညီဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၄၆ | ၃၇၇ | ၁၃၆၂၃ | ၁၉.၈၃% |
| | | ဦးကျော်မင်းထွန်း | ပြည်သူ့ပါတီ | ၁၂၄၁၉ | ၂၆၂ | ၁၂၆၈၁ | ၁၈.၄၆% |
| | | ဦးလင်းအောင်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၀၇၃ | ၂၀၄ | ၈၂၇၇ | ၁၂.၀၅% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၂၄ | ကျောက်ဆည်မြို့နယ် | | | ၁၃၀၃၅၅ | ၅၃၂၆ | ၁၃၅၆၈၁ | |
| | | ဦးအောင်မြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၈၇၂ | ၄၃၀၇ | ၆၆၁၇၉ | ၄၈.၇၈% |
| | | ဦးမောင်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၀ | ၃၂၄ | ၂၀၇၂၄ | ၁၅.၂၇% |
| | | ဦးဉာဏ်မင်းသိန်း | ပြည်သူ့ပါတီ | ၁၄၅၉၁ | ၁၉၇ | ၁၄၇၈၈ | ၁၀.၉၀% |
| | | ဦးဆောင်းကိုကိုလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၉၃၂ | ၁၂၇ | ၁၂၀၅၉ | ၈.၈၉% |
| | | ဦးမျိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၇၅ | ၂၂၀ | ၁၁၇၉၅ | ၈.၆၉% |
| | | ဦးအောင်စိုးမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၈၅ | ၁၅၁ | ၁၀၁၃၆ | ၇.၄၇% |
| ၂၅ | ညောင်ဦးမြို့နယ် | | | ၅၃၃၇၆ | ၂၇၆၀ | ၅၆၁၃၆ | |
| | | ဦးသိန်းပို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၆၀၂ | ၁၈၆၉ | ၁၈၄၇၁ | ၃၂.၉၀% |
| | | ဦးသန်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၆၈ | ၃၉၀ | ၁၂၀၅၈ | ၂၁.၄၈% |
| | | ဒေါ်မျိုးမမကျော် | ပြည်သူ့ပါတီ | ၁၁၁၄၄ | ၁၈၈ | ၁၁၃၃၂ | ၂၀.၁၉% |
| | | ဦးလှခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၂၄ | ၁၉၉ | ၇၆၂၃ | ၁၃.၅၈% |
| | | ဒေါ်ဥမ္မာ | လူမှုစီးပွားမြင့်တင်ရေးပါတီ | ၆၅၃၈ | ၁၁၄ | ၆၆၅၂ | ၁၁.၈၅% |
| ၂၆ | ပြင်ဦးလွင်မြို့နယ် | | | ၁၀၈၄၄၄ | ၁၂၄၁၅ | ၁၂၀၈၅၉ | |
| | | ဦးမြထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၀၂၃ | ၁၀၃၂၀ | ၆၆၃၄၃ | ၅၄.၈၉% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၇၇၈ | ၆၂၃ | ၁၄၄၀၁ | ၁၁.၉၂% |
| | | ဦးအေးချမ်းကျော် | ပြည်သူ့ပါတီ | ၁၁၄၉၆ | ၃၁၀ | ၁၁၈၀၆ | ၉.၇၇% |
| | | ဦးမိုးဝေယံဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၀၅ | ၃၈၂ | ၁၁၆၈၇ | ၉.၆၇% |
| | | ဒေါ်ယဉ်ယဉ်နွဲ့ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၄၅ | ၄၆၂ | ၉၈၀၇ | ၈.၁၁% |
| | | ဦးမြင့်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၉၇ | ၃၁၈ | ၆၈၁၅ | ၅.၆၄% |
| ၂၇ | ချမ်းအေးသာစံမြို့နယ် | | | ၆၀၉၄၃ | ၄၇၉၂ | ၆၅၇၃၅ | |
| | | ဒေါ်မြင့်မြင့်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၃၉ | ၃၀၂၀ | ၂၁၁၅၉ | ၃၂.၁၉% |
| | | ဒေါ်နော်ဝင်းပပဦး | ပြည်သူ့ပါတီ | ၁၀၉၁၂ | ၃၄၅ | ၁၁၂၅၇ | ၁၇.၁၂% |
| | | ဦးသိန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၁၁ | ၄၁၃ | ၈၆၂၄ | ၁၃.၁၂% |
| | | ဦးအောင်ကျော်မိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၂၇ | ၃၂၀ | ၇၈၄၇ | ၁၁.၉၄% |
| | | ဦးဖြိုးဟေမာန် | တစ်သီးပုဂ္ဂလ | ၆၉၇၇ | ၂၇၉ | ၇၂၅၆ | ၁၁.၀၄% |
| | | ဦးဝင်းဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၄၂ | ၂၀၈ | ၅၀၅၀ | ၇.၆၈% |
| | | ဦးမျိုးသော်ကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၃၅ | ၂၀၇ | ၄၅၄၂ | ၆.၉၁% |
| ၂၈ | မိတ္ထီလာမြို့နယ် | | | ၁၂၇၈၂၇ | ၁၀၇၃၃ | ၁၃၈၅၆၀ | |
| | | ဒေါက်တာမောင်သင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၅၂၈ | ၉၃၁၃ | ၇၇၈၄၁ | ၅၆.၁၈% |
| | | ဦးအောင်ကျော်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၀၅၈ | ၃၇၀ | ၁၆၄၂၈ | ၁၁.၈၆% |
| | | ဦးဌေးမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၃၃၁ | ၃၆၃ | ၁၃၆၉၄ | ၉.၈၈% |
| | | ဦးအေးမင်းခန့် | ပြည်သူ့ပါတီ | ၁၁၇၉၅ | ၂၇၂ | ၁၂၀၆၇ | ၈.၇၁% |
| | | ဦးအောင်မြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၀၇၉ | ၂၄၃ | ၁၀၃၂၂ | ၇.၄၅% |
| | | ဦးဥက္ကာကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၃၆ | ၁၇၂ | ၈၂၀၈ | ၅.၉၂% |

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၉ | ပျော်ဘွယ်မြို့နယ် | | | ၁၁၃၉၀၁ | ၁၀၀၇၄ | ၁၂၃၉၇၅ | |
| | | ဦးသောင်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၆၉၁ | ၇၇၆၂ | ၆၅၄၅၃ | ၅၂.၇၉% |
| | | ဦးထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၄၀၁ | ၇၅၈ | ၁၇၁၅၉ | ၁၃.၈၄% |
| | | ဦးကျော်ဝင်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၁၉၅ | ၅၈၀ | ၁၃၇၇၅ | ၁၁.၁၁% |
| | | ဦးငြိမ်းလှိုင်ဦး | ပြည်သူ့ပါတီ | ၁၁၄၇၃ | ၃၇၆ | ၁၁၈၄၉ | ၉.၅၆% |
| | | ဦးထွန်းကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၀၇ | ၃၉၅ | ၈၈၀၂ | ၇.၁၀% |
| | | ဒေါ်သူဇာဌေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၇၃၄ | ၂၀၃ | ၆၉၃၇ | ၅.၆၀% |
| ၄၀ | ရမည်းသင်းမြို့နယ် | | | ၁၀၅၉၁၂ | ၈၅၉၉ | ၁၁၄၅၁၁ | |
| | | ဦးညွန့်ဆောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၁၉၅ | ၅၇၄၁ | ၅၁၉၃၆ | ၄၅.၃၅% |
| | | ဦးစိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၂၅၉ | ၁၀၄၆ | ၁၉၃၀၅ | ၁၆.၈၆% |
| | | ဦးရန်နိုင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၉၄၃ | ၇၂၇ | ၁၅၆၇၀ | ၁၃.၆၈% |
| | | ဦးဉာဏ်ဝင်း | ပြည်သူ့ပါတီ | ၉၅၅၇ | ၃၉၉ | ၉၉၅၆ | ၈.၆၉% |
| | | ဦးကျော်မင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၆၆၅ | ၁၇၈ | ၆၈၄၃ | ၅.၉၈% |
| | | ဦးဇော်မင်းထိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၈၈ | ၃၀၃ | ၆၁၉၁ | ၅.၄၁% |
| | | ဦးဇော်ဝင်း | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၄၀၅ | ၂၀၅ | ၄၆၁၀ | ၄.၀၃% |
| ၄၁ | အောင်မြေသာစံမြို့နယ် | | | ၇၈၅၈၂ | ၆၄၇၂ | ၈၅၀၅၄ | |
| | | ဦးတေဇကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၁၉၃ | ၅၂၉၈ | ၃၃၄၉၁ | ၃၉.၃၈% |
| | | ဦးကျော်ကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁၈ | ၃၅၇ | ၁၄၃၇၅ | ၁၆.၉၀% |
| | | ဒေါ်သင်းသင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၈၅ | ၂၉၃ | ၉၈၇၈ | ၁၁.၆၁% |
| | | ဦးရန်နိုင်ဝင်း | ပြည်သူ့ပါတီ | ၈၄၈၃ | ၁၆၅ | ၈၆၄၈ | ၁၀.၁၇% |
| | | ဒေါ်ဝတ်ရည်ထူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၄၅ | ၁၅၇ | ၇၂၀၂ | ၈.၄၇% |
| | | ဦးသော်ထက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၁၂ | ၁၂၅ | ၆၇၃၇ | ၇.၉၂% |
| | | ဦးညီညီမြင့် | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၄၆၄၆ | ၇၇ | ၄၇၂၃ | ၅.၅၅% |
| | ရခိုင်ပြည်နယ် | | | | | | |
| ၄၂ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၆ | ၃၄၆၉ | ၁၃၀၂၅ | |
| | | ဦးသန်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃၁ | ၃၀၂၄ | ၆၃၅၅ | ၄၈.၇၉% |
| | | ဦးဘသိန်းရင် | ရခိုင့်ဦးဆောင်ပါတီ | ၄၁၀၀ | ၂၆၄ | ၄၃၆၄ | ၃၃.၅၀% |
| | | ဦးသန်းလှိုင်ထူး | ရခိုင်တိုင်းရင်းသားများပါတီ | ၂၁၂၅ | ၁၈၁ | ၂၃၀၆ | ၁၇.၇၁% |
| ၄၃ | စစ်တွေမြို့နယ် | | | ၃၀၉၄၀ | ၈၉၄၄ | ၃၉၈၈၄ | |
| | | ဦးစန်းငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၉၇၈ | ၈၁၆၂ | ၂၄၁၄၀ | ၆၀.၅၃% |
| | | ဦးသာအေး | ရခိုင့်ဦးဆောင်ပါတီ | ၆၆၁၂ | ၅၀၆ | ၇၁၁၈ | ၁၇.၈၅% |
| | | ဒေါ်သန်းသန်းအေး (ခ) ဒေါ်သက်နှင်းနွယ် | ရခိုင်တိုင်းရင်းသားများပါတီ | ၄၃၄၄ | ၁၇၀ | ၄၅၁၄ | ၁၁.၃၁% |
| | | ဦးကျော်ဆန်းဦး | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၅၀ | ၃၉ | ၂၂၈၉ | ၅.၇၄% |
| | | ဒေါ်ခင်မော်လီဇော် | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၁၂၂၄ | ၄၄ | ၁၂၆၈ | ၃.၁၈% |
| | | ဦးဝင်းလှိုင် | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၅၃၂ | ၂၃ | ၅၅၅ | ၁.၃၉% |
| ၄၄ | မာန်အောင်မြို့နယ် | | | ၃၀၁၃၃ | ၂၆၂၂ | ၃၂၇၅၅ | |
| | | ဦးကျော်သန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၁၁၃၄၄ | ၇၃၇ | ၁၂၀၈၁ | ၃၆.၈၈% |
| | | ဒေါ်မြခွာညို | ရခိုင့်ဦးဆောင်ပါတီ | ၁၀၄၀၅ | ၆၈၀ | ၁၁၀၈၅ | ၃၃.၈၅% |
| | | ဦးမောင်ကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၈၄ | ၁၂၀၅ | ၉၅၈၉ | ၂၉.၂၇% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၄၅ | ကမာရွတ်မြို့နယ် | | | ၁၂၈၄၃ | ၉၁၃ | ၁၃၇၅၆ | |
| | | ဦးကိုကိုသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၁၁ | ၆၄၀ | ၅၅၅၁ | ၄၀.၃၅% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၇ | ၆၂ | ၂၀၂၉ | ၁၄.၇၅% |
| | | ဒေါ်စန်းစန်းဝေ | ပြည်သူ့ပါတီ | ၁၇၃၆ | ၇၁ | ၁၈၀၇ | ၁၃.၁၄% |
| | | ဦးဘုန်းမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၄ | ၈၁ | ၁၇၈၅ | ၁၂.၉၈% |
| | | ဦးဝင်းမြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၄၉ | ၃၈ | ၁၅၈၇ | ၁၁.၅၃% |
| | | ဦးလှစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၇၆ | ၂၁ | ၉၉၇ | ၇.၂၅% |
| ၄၆ | ကျောက်တံတားမြို့နယ် | | | ၆၄၀၅ | ၇၃၅ | ၇၁၄၀ | |
| | | ဦးမျိုးသိန်း(ခ)ဦးမြသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၁ | ၅၇၂ | ၃၅၂၃ | ၄၉.၃၄% |
| | | ဒေါ်စင်သီမာ | ပြည်သူ့ပါတီ | ၇၇၄ | ၄၇ | ၈၂၁ | ၁၁.၅၀% |
| | | ဦးဇေယျ | တစ်သီးပုဂ္ဂလ | ၆၈၅ | ၃၀ | ၇၁၅ | ၁၀.၀၁% |
| | | ဦးဝေဖြိုးကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၄၁ | ၄၀ | ၆၈၁ | ၉.၅၄% |
| | | ဦးကျော်နေဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၇ | ၁၄ | ၅၅၁ | ၇.၇၂% |
| | | ဦးဝင်းမောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၃ | ၂၂ | ၄၈၅ | ၆.၇၉% |
| | | ဦးနိုင်ဝင်း | တစ်သီးပုဂ္ဂလ | ၃၅၄ | ၁၀ | ၃၆၄ | ၅.၁၀% |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄၇ | တိုက်ကြီးမြို့နယ် | | | ၁၁၆၄၀၀ | ၁၆၇၂၂ | ၁၃၃၁၂၂ | |
| | | ဦးခင်မောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၇၈ | ၁၁၉၁၂ | ၄၉၁၉၀ | ၃၆.၉၅% |
| | | ဦးတင်ထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၈ | ၁၅၀၆ | ၁၆၂၇၄ | ၁၂.၂၃% |
| | | ဦးဘစိုး | ပြည်သူ့ပါတီ | ၁၀၉၁၅ | ၆၂၈ | ၁၁၅၄၃ | ၈.၆၇% |
| | | ဦးကျော်ကျော်ဟန် | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၉၃၇၄ | ၃၆၁ | ၉၇၃၅ | ၇.၃၁% |
| | | ဦးပိုင်မင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၇၂ | ၄၃၁ | ၈၄၀၃ | ၆.၃၁% |
| | | ဦးအောင်ကျော်သက် | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၇၁၉၃ | ၁၈၄ | ၇၃၇၇ | ၅.၅၄% |
| | | ဦးမောင်မောင်မြင့်(ခ)<br>ဦးအာရဏ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၇၂၃ | ၄၇၄ | ၇၁၉၇ | ၅.၄၁% |
| | | ဦးသန်းနိုင်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၇၅ | ၃၈၂ | ၆၃၅၇ | ၄.၇၈% |
**နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်၊ နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်လှ အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော် က တိုင်းရင်းသားပြည်သူများနှင့် တွဲလက် ညီညီ သက်စွန့်ကြိုးပမ်းရင်ဆိုင်ကာကွယ်ခဲ့ ကြကြောင်း၊ ထို့ကြောင့်လည်း ယနေ့အထိ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နေခြင်းဖြစ်သည်ကို ဘွဲ့ခံပုဂ္ဂိုလ်ကြီး များ၊ ဧည့်သည်တော်ကြီးများ အားလုံးအသိ ပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြို ကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် လေးနက်စွာ ခံယူစောင့်ထိန်းကြရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားကို အားကောင်း စေသည့် စစ်မှန်စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက အထူးအလေးထားပြီး တက်ညီလက်ညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ ဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ တည်းကဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်း စုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ် ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများ၏ပူးပေါင်း ဆောင်ရွက်မှုအားသည် အဓိကကျကြောင်း၊ ထိုသို့အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်အောင်မြင်မှုရှိမည်ကို မိမိတို့ အစိုးရအနေဖြင့် နှစ်နှစ်ကာကာလက်ခံ ယုံကြည်ထားပြီး လက်တွေ့တွင်လည်း ထိုအတိုင်းပင် အကောင်အထည်ဖော်ကျင့် သုံးနေကြောင်း။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပင် ယနေ့နိုင်ငံတော်တွင် ရင်ဆိုင်ကြုံတွေ့ နေရသည့် လက်နက်ကိုင်အကြမ်းဖက်မှု အန္တရာယ်များနှင့် အခက်အခဲများကို ထိထိ ရောက်ရောက် တုံ့ပြန်ကိုင်တွယ်ဖြေရှင်းနိုင် ပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို အကာ အကွယ်ပေးနိုင်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် သိပ်မဝေးသေးသည့် ကာလများအတွင်းက ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြီးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ အင်အား အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး ဘေးအန္တရာယ်များကိုလည်း နိုင်ငံတော် အစိုးရနှင့် ကဏ္ဍပေါင်းစုံက ပုဂ္ဂိုလ်များနှင့် အတူ ပြည်သူအားလုံး အတူလက်တွဲပြီး ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြခြင်းသည် မိမိတို့၏ စည်းလုံးညီညွတ်မှုသာဓကပင်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက် ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့် ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက် ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေး အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည် ချက်များနှင့်အညီ ထူးခြားစွာအားထုတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာ ရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ် များ၊ စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထား သည့်အနေဖြင့် နှစ်စဉ်သာမက နေ့ထူးနေ့ မြတ်တိုင်းတွင် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ် လျက်ရှိကြောင်း။

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်း အမှတ်အနေဖြင့် ယနေ့ကျင်းပသည့် ဂုဏ်ထူး ဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်း အခမ်း အနားတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၇ ရက် က အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် စည်သူဘွဲ့ ၁၃ ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ နှစ်ဦး၊ ဝဏ္ဏ ကျော်ထင်ဘွဲ့ လေးဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ မြန်မာအမျိုးသမီးများနေ့အထိမ်း အမှတ်အဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင်

အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် ဝဏ္ဏကျော်ထင်ဘွဲ့ သုံးဦး၊ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် သီရိပျံချီဘွဲ့ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ခုနစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၀ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ခြောက်ဦး၊ သိပ္ပကျော်စွာဘွဲ့ ၁၇ ဦး စုစုပေါင်းဘွဲ့ခံပုဂ္ဂိုလ် ၇၆ ဦး ရှိသည့်အနက် အခမ်းအနားတက်ရောက်လက်ခံရယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၏အဆောင်အယောင်တံဆိပ်နှင့်ဂုဏ်ပြုစာလွှာများ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဖြတ်သန်းလာခဲ့သည့်ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစပြီး ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည့် တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တပ်မတော်သားများသည်လည်း ပြည်သူလူထုကြားက ပေါက်ဖွားလာကြသူများပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်ကပင် ဦးဆောင် ဖြေရှင်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို နိုင်ငံသားအားလုံး မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်နိုင်ကြရန်လိုအပ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့တာဝန်ယူသည့်ကာလတစ်လျှောက်လုံး အများပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏အဓိကကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရန်၊နိုင်ငံသားတိုင်းအတွက်အရေးကြီးသည့်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားဘဝများတိုးတက်ရန်၊ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပြီး နိုင်ငံတော်အာဏာကိုရွေးကောက်ပွဲမှပေါ်ပေါက်လာသည့် အစိုးရကို ချောမောအောင်မြင်စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်မှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

သို့သော်လည်း နိုင်ငံနှင့်ပြည်သူကောင်းရာကောင်းကျိုးကိုမလိုလားသည့် ပြည်ပနိုင်ငံတချို့နှင့် စဉ်းစားတွေးခေါ်မှုနည်းပါးပြီး လမ်းမှားလိုက်နေကြသည့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းတချို့၊ အသိဉာဏ်နည်းပါးသည့် အကြမ်းဖက်သမားများနှင့် အားပေးထောက်ခံသူများကြောင့် ယခုအချိန်တွင် အောင်မြင်သင့်သလောက်မအောင်မြင်သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ဘွဲ့ခံပုဂ္ဂိုလ်များထဲတွင်ပါသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသူများ၊ အသိပညာအတတ်ပညာနှင့် နိုင်ငံကို ဘက်ပေါင်းစုံကတိုးတက်အောင်ဆောင်ရွက်နေကြသူများရှိသကဲ့သို့ ပြည်တွင်းပြည်ပ၏ အဖျက်အမှောင့်ပယောဂကိုယုံစားပြီး အသိပညာနည်းပါးသည့် ကိုယ်ကျိုးအတ္တသမားများ၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သူများလည်းရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိတို့အနေဖြင့် စိတ်မပျက်လက်မလျှော့ဘဲ အားလုံးက စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ဖြင့်ပူးပေါင်းပြီး ကောင်းမွန်သည့်နိုင်ငံ၏အနာဂတ်ကို အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် **စာမျက်နှာ ၁၈ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဘရွှေအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးဝေဖြိုးအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဖခင် ဦးကျော်လွင်က လက်ခံရယူစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ တေးရေးပညာရှင် ရေနံ့သာဝင်းမောင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာရဲမြအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဦးစွာ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမဥပစာမြက်ခင်းပြင်သို့ရောက်ရှိကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများပစ်ဖောက်မှုကိုကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ပြုလုပ်သည့်ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဇေယျကျော်ထင် သရေစည်သူဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ၊ ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား၊တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၁၇ မှအဆက်**

တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့်ချမှတ်အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို မကြာသေးမီက အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်ကိုလည်း အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ပြင် လာမည့်ဇန်နဝါရီ ၁၁ ရက်တွင် အပိုင်း(၂)ကိုကျင်းပသွားမည်ဖြစ်ပြီး အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲနှင့်ဂုဏ်သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများမဲပေးခွင့်မဆုံးရှုံးစေရန်နှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုမျှော်မှန်းပြီး ဥပဒေအရ ပြစ်ဒဏ်ကျခံနေရသူများနှင့် ရင်ဆိုင်ဆဲအမှုများကို ဥပဒေနှင့်အညီ လွတ်ငြိမ်းချမ်းသာမှုများနှင့် ပြစ်ဒဏ်လျှော့ပေါ့ကင်းလွတ်ခွင့်ပြုပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံသားအားလုံး၏ အားသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ အင်တိုက်အားတိုက်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

**နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းကကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့်ပြည့်စုံလုံလောက်မှုမရှိနိုင်ကြောင်း၊ နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်**ကြောင်း၊ သို့မှသာ မိမိတို့အားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည် ဖော်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဆိုသည်မှာ မည်သည့်နေ့ရက်တွင်ပြီးမြောက် အောင်မြင်သွားပြီဆိုပြီး သတ်မှတ်လုပ်ဆောင်ရသည့် ရေတိုလုပ်ငန်းမဟုတ်ကြောင်း၊ စဉ်ဆက်မပြတ်ဆက်လက်အကောင်အထည်ဖော်နေရသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်လက်တွဲကြိုးပမ်းနေသူများကလည်း အမျိုးသား အကျိုးစီးပွားအတွက် ဆက်လက်ပြီးလက်တွဲဆောင်ရွက်ပေးကြရန်၊ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်ခြင်းမပြုရသေးသူများ အနေဖြင့်လည်း အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားကိုရည်မျှော်ပြီး နိုင်ငံတော်အစိုးရနှင့် အမြန်ဆုံးလက်တွဲဆောင်ရွက်ပေးကြရန်တိုက်တွန်းအပ်ကြောင်း၊ ထို့ပြင် အမြင်မတူ သဘောထားကွဲလွဲနေကြသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ပဋိပက္ခများမှ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် ထပ်မံဖိတ်ခေါ်ကြောင်း။

ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများအနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး တိုးပွားအောင်သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဘွဲ့များဖြစ်ကြသည့် သီဟသူရဘွဲ့ရရှိသူ နှစ်ဦးနှင့် သူရဘွဲ့ရရှိသူ တစ်ဦး၊ သီရိပျံချီ ဘွဲ့ ၁၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ကိုးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၇ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ရှစ်ဦး၊သိပ္ပကျော်စွာဘွဲ့ ၁၁ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက် ချီးမြှင့်အပ်နှင်းသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဝါဝါဝင်းရွှေအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည်အခမ်းအနားသို့တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

**အများသူငါ လုပ်ဆောင်နိုင်ရန်ခဲယဉ်းသည့်တာဝန်များကို အသက်ကို မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားမှုအပြည့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၅၁ ဦးကို အစဉ်အလာကောင်းများနှင့်အညီ ချီးမြှင့်ပေးသွားမည်ဖြစ်...**

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့်အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လွတ်လပ်ရေးဆိုသည်မှာ မိမိတို့မြန်မာတစ်မျိုးသားလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာတစ်ပါးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျရောက်မြဲဖြစ်သည့် လွတ်လပ်ရေးနေ့သည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် တန်ဖိုးထားဂုဏ်ယူဖွယ်ရာအမွန်မြတ်ဆုံးသော နေ့ထူးနေ့မြတ်အခါသမယတစ်ခုပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့အခါသမယရောက်တိုင်း နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းရွက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်တိုင်းကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

ယနေ့အခမ်းအနားတွင်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ သူရဲကောင်းတို့ထုံးနှလုံးမူပြီး ပြည့်ဝသည့်ရဲစွမ်းသတ္တိနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံအတွင်း၌ ဝါဒစွဲကြီးမားမှုမှ အခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုများကတစ်ဆင့် ပြည်တွင်းသောင်းကျန်းမှုကာလကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ကြောင်း၊ ယင်းကာလအတွင်း အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် ဆူကြုံနိမ့်မြင့်ဖြတ်သန်းခဲ့ရာတွင်လည်း တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်အောင်ထမ်းရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်သည် ဆူကြုံနိမ့်မြင့် ခရီးအသွယ်သွယ်တွင် စစ်ရေးတိုက်ပွဲများကိုသာမက နိုင်ငံရေးတိုက်ပွဲများကိုလည်း မလွဲမသွေရင်ဆိုင်ဆင်နွှဲရင်း အမျိုးသားနိုင်ငံရေးဦးဆောင်မှုဟူသည့် ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုကိုပါ စိုက်ထူနိုင်ခဲ့ကြောင်း၊ ယင်းသည် သမိုင်းစဉ်များကချီးမြှင့်သည့် မိမိတို့တပ်မတော်၏စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ဒြပ်တစ်ခုလည်းဖြစ်ကြောင်း။

လွတ်လပ်ရေးသမိုင်းစဉ်၏ ညွှန်းဆိုပြသမှု၊ ပြည်တွင်းသောင်းကျန်းမှုကာလသမိုင်းစဉ်များ၏ ညွှန်းဆိုပြသမှုများနှင့် ယနေ့မျက်မှောက်တာဝန်ကျေပွန်ခဲ့မှုများကို ကြည့်ရမည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်မွေးဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို သိသာထင်ရှားစွာတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမိမြန်မာနိုင်ငံတော်အတွက် ခိုင်မာအားကောင်းပြီး စွမ်းရည် သုံးရပ်နှင့် ပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်သည် ဟူသည့် ဂုဏ်ဒြပ်တစ်ခုကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်ကာလတွင် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် တပ်မတော်၏ဂုဏ်ဒြပ်ကို လေးစားတန်ဖိုးထားကြရမည်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်၏ နက်ရှိုင်းကျယ်ပြန့်မှုကို သိရှိပြီး ကျရာကိုယ်စီတာဝန်များကို ရဲရဲဝံ့ဝံ့ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လေးလေးနက်နက်တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၂၀ သို့



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးကို ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေး စွမ်းအားစုတစ်ရပ် တည်ဆောက်ပိုင်ဆိုင်ထားနိုင်ခြင်းပင်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကို ကြည့်မည်ဆိုပါကလည်း မိမိနိုင်ငံ၏နယ်နိမိတ်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်အင်အားများတိုးချဲ့ခြင်းနှင့် ခေတ်မီလက်နက်အသစ်အဆန်းများ စမ်းသပ်တီထွင်ထုတ်လုပ်ခြင်းများ အပြိုင်အဆိုင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ပင်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင်လည်း Balance of Power ဟု ခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းဖိုလ်ကျစိုးမိုးခြင်း၊ အင်အားပြိုင်ဆိုင်မှုကိစ္စရပ်များနှင့် ရပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများ များပြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အသုံးချခံမဖြစ်စေရေးအတွက် မိမိတို့နိုင်ငံ၏ တပ်မတော်ကိုလည်း တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် (Standard Army)တစ်ရပ်အဖြစ် ရည်မှန်းချက်ထားတည်ဆောက်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏မူဝါဒနှင့် ဦးတည်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ လက်ရှိအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များမှ စတုတ္ထအချက်ဖြစ်သည့် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** လုပ်ငန်းစဉ်တွင်လည်း ယနေ့ထက်တိုင်လိုက်ပါအကောင်အထည်ဖော်ဆောင်နေလျက် ရှိသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ပီပြင်ခိုင်မာရန် ဆိုပါက ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)ကို ယခုလအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသည် တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူလူထုအပေါ်အလေးထားမှု၊ ကတိကိုကတိအတိုင်းဆောင်ရွက်မှု၊ သစ္စာရှိမှုကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့တပ်မတော်သားအဆင့်ဆင့်၏ ကျရာတာဝန်ကို ကျေပွန်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ ယင်းကို နိုင်ငံတော်နှင့် တပ်မတော်က အစဉ်အသိအမှတ်ပြုဂုဏ်ယူနေမည်ဖြစ်ကြောင်း။

အများသူငါ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို အသက်ကို မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားမှုအပြည့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၅၁ ဦးကို အစဉ်အလာကောင်းများနှင့်အညီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့် လူမျိုးအပေါ်ထားသည့် သစ္စာတရားများကြောင့် ယခုကဲ့သို့ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တပ်မတော်မိသားစုဝင်များ၏နောင်ရေးစိတ်အေးချမ်းသာစေရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိပြီး စွန့်လွှတ်စွန့်စားသည့်စစ်သည်တော်ကောင်းများဖြစ်လာစေရေး နိုင်ငံတော်၊ တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည့်မှန်သမျှကို ဆက်လက်စီမံဆောင်ရွက်ပေးရန်အမြဲအသင့်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များအနေဖြင့် တပ်မတော်၏အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရင်း တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

**“လုံ့လလည်းရှိ၊ ဉာဏ်ကဝိနှင့်၊ သတ္တိရဲရောင်၊ ပွဲကြီးအောင်သည်၊ စွမ်းဆောင်လုံ့လအကျိုးတည်း”**ဟူသည့် လင်္ကာအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ သူရသတ္တိပြောင်မြောက်စွာထမ်းဆောင်ရင်း ဆုတံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို အမွန်မြတ်ဆုံးပေးဆပ်မှုများနှင့် သက်သေပြခဲ့သူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်ရလေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့ပြင် ဆုများ ချီးမြှင့်ခြင်းမခံရသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာနေရာအသီးသီးတွင် ပေးအပ်သည့်ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေကြသူများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း အစဉ်အလာကောင်းများနှင့်အတူ နောင်လာမည့် မျိုးဆက်သစ်များကို လွတ်လပ်ရေး၏ တန်ဖိုးနှင့် အနှစ်သာရများ၊ သူရသတ္တိတို့နှင့် ပြည့်စုံခဲ့သည့် စစ်သည်တို့၏ ဂုဏ်ဒြပ်များနှင့်အတူ နိုင်ငံ့သမိုင်းဂုဏ်ရှိန်ထည်ဝါခဲ့သည့်မြန်မာတို့၏ရာဇဝင်များကို ဆင့်ကဲမျှဝေရင်း ဇာတိသွေး၊ဇာတိမာန်ထက်သန်သည့် မျိုးဆက်သစ်ကောင်းများ ပေါ်ထွန်းလာအောင် လက်ဆင့်ကမ်းအမွေပေးသွားကြရန်တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူ ဗိုလ်မှူးကြီး ခုနစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး ခြောက်ဦး၊ဗိုလ်မှူး ၁၄ ဦး၊ဗိုလ်ကြီး လေးဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယအရာခံဗိုလ် လေးဦး၊ အုပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး သုံးဦး၊ တပ်ကြပ် ငါးဦး၊ ဒုတိယတပ်ကြပ် ခြောက်ဦးတို့ကို ဆုတံဆိပ်များအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများ နှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

**နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ သူရသတ္တိ ပြောင်မြောက်စွာ ထမ်းဆောင်ရင်း ဆုတံဆိပ်နှင့်လက်မှတ်များချီးမြှင့်အပ်နှင်းခြင်းခံရသူများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို အမွန်မြတ်ဆုံးပေးဆပ်မှုများနှင့် သက်သေပြခဲ့သူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်ရလေးစားဂုဏ်ယူနေမည်ဖြစ်...**

**အစဉ်အလာကောင်းများနှင့်အတူ နောင်လာမည့်မျိုးဆက်သစ်များကို လွတ်လပ်ရေး၏ တန်ဖိုးနှင့် အနှစ်သာရများ၊ သူရသတ္တိတို့နှင့်ပြည့်စုံခဲ့သည့် စစ်သည်တို့၏ဂုဏ်ဒြပ်များနှင့်အတူ နိုင်ငံ့သမိုင်းဂုဏ်ရှိန်ထည်ဝါခဲ့သည့် မြန်မာတို့၏ရာဇဝင်များကို ဆင့်ကဲမျှဝေရင်း ဇာတိသွေး၊ဇာတိမာန် ထက်သန်သည့် မျိုးဆက်သစ်ကောင်းများ ပေါ်ထွန်းလာအောင် လက်ဆင့်ကမ်းအမွေပေးသွားကြရန်တိုက်တွန်းမှာကြားလို...**

(၅၀၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒ္ဒူလာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၆ ခုနှစ် နှစ်သစ်အခါသမယတွင် နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့်ကဏ္ဍများ၌ နွေးထွေး၍ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထူထောင်ထားရှိပါသည်။ မိမိအနေဖြင့် ယခုကဲ့သို့ အလွန်တန်ဖိုးထားရသည့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်နိုင်ရေးအတွက် မျှော်လင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ငြိမ်းချမ်းသာယာတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားကို (၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလို အပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေးတာဝန် ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး (၂) ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ရေး၊ (၃) လွတ်လပ်မှု နှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင် အထည်ဖော်ရေး၊ (၄) ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကို လည်း တိုးတက်အောင်ဆောင်ရွက်ရေး ဟူသည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်း ဖြစ်သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက ဖတ်ကြားစဉ်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော် အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ဝင်ရောက် နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူဦးညိုစောနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

၎င်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူဦးညိုစောက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး-၂ ဒါတိုဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာယာ ဟာဂျီ မိုဟာမက် ယူဆွတ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ကာလရှည်ကြာနွေးထွေးပြီး ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ထူထောင်ထားရှိပါသည်။ ဇန်နဝါရီလအတွင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ တရားဝင်ခရီးစဉ်အတွင်း မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အကျိုးရှိသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ အရေးပါသည့် ဆက်ဆံရေးကို နှစ်နိုင်ငံချင်းနှင့် အာဆီယံမိသားစုဝင်နိုင်ငံများအနေဖြင့် ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

သာယာဝပြောသော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဇာကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပပြုလုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဖတ်ကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်တွင်၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ စစ်တီးဝိုင်းအဖွဲ့နှင့် စစ်ရေးပြ တပ်ခွဲများက ဝန်ကြီးချုပ်အား အလေးပြုကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားကာ စစ်တီးဝိုင်းအဖွဲ့နှင့် စစ်ရေးပြတပ်ခွဲများက ဝန်ကြီးချုပ်အား အလေးပြုကြပြီး စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၃ / ၂၀၂၆**
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၁ / ၂၀၂၆**
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၂ / ၂၀၂၆**
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် စိုးမင်း ရဲဗလတံဆိပ် ရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူကို ချီးမြှင့်ပေးအပ်စဉ်။






အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး တပ်မတော် စွမ်းရည်နှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

တြိဂံဒေသတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် နှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူအား ချီးမြှင့်ပေးအပ်စဉ်။






ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။

အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သူရ တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းစဉ်။



**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများကို နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)


## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။



**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်က ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အလားတူ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။

ၶင်းပြင် တိုင်းစစ်ဌာနချုပ်များအလိုက် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကိုကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ်။



မန္တလေးမြို့၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ အနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ၶင်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့် သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်စဉ်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးတို့ အပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁ / ၂၀၂၆)ထုတ်ပြန်

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမိန့်အမှတ် (၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ခြောက်ပုံ တစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ်(၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းစသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏သက်ဆိုင်ရာ မိသားစုဝင်များအတွက် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးတန်ဖိုးကို သိရှိနားလည်လာကြပြီး တာဝန်သိသိသစ္စာရှိရှိဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်နိုင်ငံတော်ကဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်ဟု မျှော်လင့်ယုံကြည်ပါသည်။

၃။ ထို့ပြင် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်းဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ရှုမြင်ပါသည်။

၄။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ထုတ်ပြန်သော အမိန့်များသည် လူ့အခွင့်အရေးရှုထောင့်အရလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုရှုထောင့်အရလည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရေးရှုထောင့်အရလည်းကောင်း ကောင်းမွန်သည့် ရလဒ်များရရှိစေသည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များကို ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ယနေ့တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှု၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံ တစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည် လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)













၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာကြစဉ်။







၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုကြစဉ်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၆ / ၂၀၂၆)**
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ရှမ်းပြည်နယ်** | | | |
| (၁) | ဦးဝင်းဇော် | ၁၃/ပတယ(နိုင်)၀၃၆၅၂၇ | ပင်းတယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ခွန်ကောင်းချစ်ထွန်း | ၁၃/ဟပန(နိုင်)၀၈၅၁၁၁ | ဟိုပုံး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| (၃) | ဦးကျော်မြင့်နိုင် | ၁၃/နခတ(နိုင်)၀၆၇၂၃၃ | နောင်ချို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးသန်းထွန်းဦး | ၇/သကန(နိုင်)၁၀၁၄၇၈ | ကျိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးကျော်ငြိမ်းအောင် | ၁၃/တခလ(နိုင်)၀၇၄၈၂၉ | တာချီလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | နန်းကျင်း(ခ)နန်းစိန် | ၁၃/တကန(နိုင်)၂၁၈၀၉၄ | တောင်ကြီး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| (၇) | ဦးငွေးလွင်(ခ)ဦးဒီလုံး | ၁၃/နစန(နိုင်)၀၀၀၁၀၅ | နမ့်စန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း | ၁၂/ရကန(နိုင်)၀၂၁၄၂၀ | မူဆယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | စိုင်းမိုးဇော်ဦး | ၁၃/မဆန(နိုင်)၀၁၀၃၄၉ | မိုင်းဆတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါက်တာမျိုးထွန်း | ၁၃/ကလတ(နိုင်)၀၀၃၄၀၁ | လားရှိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | စိုင်းထွန်းစံ(ခ)စိုင်းဆေဟန် | ၁၃/လခတ(နိုင်)၀၁၆၇၀၈ | လင်းခေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) |
| (၁၂) | ဦးခွန်အောင်ဆန်း | ၁၃/တကန(နိုင်)၁၃၆၉၆၅ | လွိုင်လင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| | **ရှောဝတီတိုင်းဒေသကြီး** | | | |
| (၁၃) | ဦးဇော်မင်း | ၁၄/ကပန(နိုင်)၀၀၃၄၁၄ | ကျုံပျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးသန်းထွန်း | ၁၄/ပသန(နိုင်)၁၅၂၂၉၇ | ပုသိမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးကံမြင့်သန်း | ၁၄/ဖပန(နိုင်)၁၃၇၄၁၆ | မအူပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဒေါ်မြင့်စန္ဒာအောင် | ၁၄/မမန(နိုင်)၁၇၀၂၄၆ | မြောင်းမြ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးနိုင်မင်းဦး | ၁၄/ကခန(နိုင်)၀၇၄၀၄၃ | ကြံခင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၁၈) | ဦးအောင်ဝင်းဆွေ | ၁၄/မအန(နိုင်)၀၀၂၄၃၇ | မြန်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ | ၁၄/လပတ(နိုင်)၀၁၃၇၅၁ | လပွတ္တာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးငွေးဝင်း | ၁၄/ဟသတ(နိုင်)၀၆၇၈၃၅ | ဟင်္သာတ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | |
| ၁ | ပင်းတယမြို့နယ် | | | ၄၄၁၆၆ | ၂၉၅၆ | ၄၇၁၂၂ | |
| | | ဦးဝင်းဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁၅ | ၁၆၉၇ | ၂၂၄၁၂ | ၄၇.၅၆% |
| | | ဒေါ်နွဲ့ထူး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၈၇၅၆ | ၁၁၁၁ | ၁၉၈၆၇ | ၄၂.၁၆% |
| | | ဒေါ်တင်တင်နွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၉၅ | ၁၄၈ | ၄၈၄၃ | ၁၀.၂၈% |
| ၂ | ဟိုပုံးမြို့နယ် | | | ၄၂၁၁၆ | ၄၃၁၄ | ၄၆၄၃၀ | |
| | | ခွန်ကောင်းချစ်ထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၂၉၀၀ | ၁၅၁၀ | ၃၄၄၁၀ | ၇၄.၁၁% |
| | | ဒေါ်နန်းတင်မျိုးအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၇၀ | ၂၆၁၁ | ၈၉၈၁ | ၁၉.၃၄% |
| | | ဒေါ်ဇင်လဲ့လဲ့ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၄၆ | ၁၉၃ | ၃၀၃၉ | ၆.၅၅% |
| ၃ | နောင်ချိုမြို့နယ် | | | ၄၃၂၁၈ | ၅၄၁၄ | ၄၈၆၃၂ | |
| | | ဦးကျော်မြင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၉၀၄ | ၄၂၀၀ | ၂၂၁၀၄ | ၄၅.၄၅% |
| | | ဦးဝင်းဦး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၉၇၄၁ | ၄၂၂ | ၁၀၁၆၃ | ၂၀.၉၀% |
| | | ဒေါ်စောယု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၀၆ | ၃၁၄ | ၅၆၂၀ | ၁၁.၅၆% |
| | | ဦးစိုးသန်း | ပြည်သူ့ပါတီ | ၄၆၈၀ | ၂၂၅ | ၄၉၀၅ | ၁၀.၀၉% |
| | | ဦးစိုင်းဖူးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၂၁ | ၁၇၁ | ၄၀၉၂ | ၈.၄၁% |
| | | ဦးဇာနည်အေး(ခ)ညွန့်တင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၆၆ | ၈၂ | ၁၇၄၈ | ၃.၅၉% |
| ၄ | ကျိုင်းတုံမြို့နယ် | | | ၄၃၈၆၉ | ၉၉၃၈ | ၅၃၈၀၇ | |
| | | ဦးသန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၄၅ | ၈၃၆၉ | ၃၃၄၁၄ | ၆၂.၁၀% |
| | | စိုင်းရွက်(ခ)ဒေါက်တာစိုင်းရွက်ဟောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၁၆ | ၇၆၂ | ၉၈၇၈ | ၁၈.၃၆% |
| | | နန်းလှလှဥမ္မာကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၂၉၂ | ၃၆၂ | ၄၆၅၄ | ၈.၆၅% |
| | | ဦးသိန်းကျော်ခိုင် | ပြည်သူ့ပါတီ | ၃၃၁၉ | ၁၆၇ | ၃၄၈၆ | ၆.၄၈% |
| | | ဒေါ်သန္တာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၉၇ | ၂၇၈ | ၂၃၇၅ | ၄.၄၁% |

(ဆက်လက်ဖော်ပြပါမည်)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၅၈၄ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်တစ်ထပ်အဆောက်အအုံငါးလုံး၊ သုံးထပ်အဆောက်အအုံ ရှစ်လုံးနှင့် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် နှစ်ထပ်အဆောက်အအုံငါးလုံး၊သုံးထပ်အဆောက်အအုံ တစ်လုံး၊ ငါးထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၂၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၈၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀၁ လုံးတို့ကို ရာနှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)








KK Park နယ်မြေ အပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများကို လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

# မြိတ်မြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

မြိတ်မြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် တက္ကသိုလ်ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းမပေါ်တွင် မြိတ်မြို့နယ် ကျွဲကူးကျေးရွာနေ အောင်ထွန်းမင်း(ခ)ကုလား ၄၉ နှစ် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းဆီးရမိသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲတွင် ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၇ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မြိတ်မြို့ မြိတ်တောင်ရပ်ကွက်နေ အောင်မျိုးလွင် ၄၂ နှစ်ကို ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ပုလောမြို့နေ ကျော်စွာစိုး(ခ)ကုလား (ဖမ်းဆီးရန်ကျန်)က မြိတ်မြို့ အဝေးပြေးကားဝင်းအဟောင်းသို့ လာရောက်ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အောင်ထွန်းမင်း(ခ)ကုလား၊ အောင်မျိုးလွင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ (၄-၁-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ကျိုင်းတုံ | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပေါက်ပေါက်

# ဆေးဖက်ဝင် ကန်စွန်းရိုးနီ



ကန်စွန်းရိုးနီပင်သည် Convolvulaceae (ခေါ်) ကန်စွန်းမျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Ipomoea aquatica Forsk ဖြစ်သည်။ အချို့ ဒေသများတွင် အင်္ဂလိပ်လို Rabbit Greens ဟုလည်းကောင်း၊ Red-Stemmed Variety (red type) ဟုလည်းကောင်း ခေါ်ကြသည်။ မြန်မာလို ကန်စွန်းရိုးနီ (လယ်ကန်စွန်း) ဟု ခေါ်သည်။

ကန်စွန်းရိုးနီသည် တစ်နှစ် သို့မဟုတ် နှစ်ရှည် ရေလျှောက်ပင်ဖြစ်သည်။ ပင်စည်ရိုးနီ၍ ခေါင်းပွ ဖြစ်သည်။ အဆစ်များမှ အမြစ်များထွက်သည်။ အဆစ်နေရာတွင် အခေါင်းပိတ်ဖြစ်သည်။

အရွက်တွင် ရွက်လွှဲထွက်ရှိသည်။ ကန်စွန်းရိုးနီ ရှင်သန်ပေါက်ရောက်ရာ ရေမြေဒေသပေါ်မူတည်၍ အရွက်မှာ သုံးလက်မမှ ခြောက်လက်မထိ ရှည်သည်။ လုံ့စွပ်ပုံ သို့မဟုတ် သုံးထောင့်ပုံဖြစ်သည်။ ရွက်ထိပ် အလွန် ချွန်၍ ရွက်ရင်းမှာ မြားသွားပုံဖြစ်သည်။ အမွေးမဲ့ကာ ရွက်ညှာရှည်သည်။ ရွက်ပြား ချော၍ ပါးလွှာသည်။ ရွက်နားညီ၍ ရွက်နားအရောင်မှာ ခရမ်းရောင်သန်းသည်။

အပွင့်သည် ခရမ်းဖျော့ရောင်ရှိ၍ ခေါင်းလောင်းပုံဖြစ်သည်။ အမွေးမဲ့ပြီး ပွင့်တည်းဖြစ်သည်။ သီတင်းကျွတ်လမှ တပို့တွဲလအတွင်း အပွင့်ပွင့်လေ့ရှိသည်။

အသီးမှာ အချင်းလက်မဝက်ခန့်ရှိတတ်ပြီး အမွေးမဲ့သည်။ လုံးဝိုင်း၍ အသီးတို့ထုံးစံအတိုင်း ရင့်မှည့်ချိန်တွင် အက်ကွဲထွက်တတ်သည်။ အစေ့ အိမ်မှာ လေးစေ့ သို့မဟုတ် နှစ်စေ့ရှိတတ်ပြီး ၎င်းအစေ့ပေါ်တွင် ပိုးသားကဲ့သို့ အမွေးများရှိသည်။ တပို့တွဲလ၊ တပေါင်းလများတွင် အသီးမှည့်လေ့ရှိသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်နိုင်သည်။ ရေမြောင်း၊ ရေကန်များနှင့် လယ်ကွက်များတွင်အလေ့ကျပေါက်ရောက်လေ့ရှိသကဲ့သို့ စိုက်ခင်းများတွင်လည်း တသီးတသန့်စိုက်ပျိုးကြသည်။

**ကန်စွန်းရိုးနီနှင့် ကျန်းမာရေး**

အရွက်ကို အသုံးပြုလေ့ရှိသည်။ မြန်မာ့ဆေးကျမ်းများအလိုအရ ချို၍အေး၏။ မိခင်များနို့ရည်ကို တိုးပွားစေ၏။ ရေတွင်ဖြစ်သော ပိုးတို့ကို နိုင်စေတတ်၏။ လေသလိပ်ကိုဖြစ်စေ၏။ အဆိပ်ကို ပြေစေ၏။ အရွက်ရည်သည် မီးလောင်နာ၊ ဆီးနှင့်ပတ်သက်သော ရောဂါနှင့်အပူလောင်ခြင်းတို့ကို ပျောက်ကင်းစေ၏ဟု ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ပွေးယားနာ၊ ဖျားနာ၊ ပန်းနာရင်ကျပ်ရောဂါများအတွက် အသုံးပြုလေ့ရှိသည်။ တရုတ်နိုင်ငံတွင် အရေပြားပြည်တည်ခြင်း၊ သားအိမ်နာရောဂါဖြစ်ခြင်း၊ အစာအဆိပ်သင့်ခြင်းနှင့် ချောင်းဆိုးခြင်းရောဂါ အမျိုးမျိုးတို့အတွက် အသုံးပြုလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပန်းနာရင်ကျပ်ရောဂါ၊ သွေးစုနာရောဂါတို့အတွက် အသုံးပြုလေ့ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကန်စွန်းရိုးနီပင်ကိုသုံး၍ သိပ္ပံနည်းကျ ဆီးချို၊ သွေးချိုရောဂါပျောက်ဆေး ဖော်စပ်လျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် ကန်စွန်းရိုးနီ၏ အရွက်ကိုကြိတ်ခြေ၍ ဝက်ခြံပျောက်ဆေးအဖြစ် ဖော်စပ်သုံးစွဲကြသည်။

**ကန်စွန်းရိုးနီနှင့် အစိမ်းရောင်ကန်စွန်းပင်တို့၏ ခြားနားချက်**

ဂျပန်နိုင်ငံရှိ သုတေသီများသည် ကန်စွန်းရိုးနီပင်နှင့် အစိမ်းရောင်ကန်စွန်းပင်တို့ကို အစမ်းသပ်ခံကြွက်ဖြူများအား ကျွေး၍ လေ့လာမှုများ ပြုလုပ်ခဲ့ရာ ခန္ဓာကိုယ်အတွက် အရေးပါသော Carbon Tetrachloride ခေါ် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကို အစိမ်းရောင်ကန်စွန်းပင်ကဲ့သို့ ကန်စွန်းရိုးနီထဲတွင် ပမာဏတူတွေ့ရှိရသည်။

ကန်စွန်းရိုးနီထဲတွင် Hydrophobic Oxygen ခေါ် ဖရီးရယ်ဒီကယ်တစ်မျိုးသည် အစိမ်းရောင်ကန်စွန်းပင်ထက် လျော့နည်းစွာ ပါရှိနေသည်။

ခန္ဓာကိုယ်အကျိုးပြုစေသော Lipophilic ဓာတ်သည် ကန်စွန်းရိုးနီတွင် များပြားစွာပါရှိနေသည်။

အထက်ဖော်ပြပါ အားသားချက်များကြောင့် ကန်စွန်းရိုးနီပင်သည် ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်နှင့် ပတ်သက်သော ဇီဝကမ္မဖြစ်စဉ်ကို ကောင်းကျိုးပြုနိုင်ပြီး၊ အသည်း၏လုပ်ဆောင်ချက်ကို ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် ကန်စွန်းရိုးနီပင် အမျိုးအစားသည် အစိမ်းရောင်ကန်စွန်းပင်အမျိုးအစားထက် အသည်းကိုပို၍ အထောက်အပံ့ဖြစ်စေကြောင်း အဖြေထွက်ရှိခဲ့သည်။

**အရွက်၏ ဆေးဖက်ဝင်ပုံ**

ကန်စွန်းရိုးနီပင်၏ အရွက်ကို သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ လူသားတို့အတွက် လိုအပ်သတ္တုဓာတ်များနှင့် Carotene, Tocopherol ဗီတာမင်ဓာတ်တို့ရရှိနိုင်သည့် အရင်းအမြစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။ အော့အန်စေသော ဆေးဝါး၊ အဆိပ်အတောက်ပြေဆေး၊ အသည်းသန့်ဆေးအဖြစ်အသုံးဝင်သည်။

ကန်စွန်းရိုးနီရွက်ရည်ကို မီးလောင်နာ၊ ရေငတ်နာ၊ ဆီးနှင့်ပတ်သက်သည့် အဖျားရောဂါများ ပျောက်ရန်အတွက်လည်းကောင်း၊ အဆိပ်အတောက် ပြေစေရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်။

အရွက်ကို ဟင်းချက်စားပေးခြင်းဖြင့် သွေးဝမ်းသွားခြင်းရောဂါကို သက်သာစေသည်။

ဆီးအိမ်တွင် ဆီးရှိပါလျက် ဆီးမသွားခြင်းအတွက် ကန်စွန်းရိုးနီအရွက်ကို ဘူးရွက်၊ မန်ကျည်းရွက်တို့ဖြင့် ဆတူကြိတ်၍ ဆန်မှုန့်နှင့်ဖျော်ပြီး ဆီးခုံပေါ်တင်ထားပါက ၁၅ မိနစ်အတွင်း ဆီးသွားနိုင်သည်။ အမျိုးသမီးများ ဓမ္မတာလွန်ခြင်းအတွက်ကိုလည်း ဤနည်းအတိုင်း ကုသပေးခြင်းဖြင့် ဓမ္မတာလွန်ခြင်းကို ရပ်တန့်နိုင်သည်။

ကန်စွန်းရိုးနီကို သူ့ချည်းသက်သက် သုံးခွက်တစ်ခွက်တင်ပြုတ်သောက်ပါက ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဝမ်းကျရောဂါဖြစ်ခြင်းတို့ကို သက်သာစေနိုင်သည်။

ကန်စွန်းရိုးနီကို ထန်းလျက်၊ မန်ကျည်းမှည့်နှင့် ဆားထည့်၍ ကျိုသောက်ပါက ဆီးရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်သည်။ အထူးသဖြင့် ဆီးကျောက်တည်ခြင်းကို ကောင်းကျိုးပြုသည်။

၎င်းမန်းရှိသော အနာများကို ကန်စွန်းရိုးနီ ဘူးရွက်များနှင့် ရောစပ်၍ ရေစိမ်ပြီးနောက် အနာကို ဆွတ်လိမ်းပေးခြင်းအားဖြင့် ၎င်းမန်းကျေစေနိုင်သည်။

ကန်စွန်းရိုးနီအရွက်သည် သည်းခြေနာနှင့်ပတ်သက်သော ရောဂါအပြင် ဝမ်းကိုမှန်စေ၍ သုက်ကိုပွားစေသည်။

ကန်စွန်းရိုးနီအရိုးသည် ပူသောအနာနှင့် သည်းခြေနာတို့ကို နိုင်သည်။

မြေအိုးတစ်လုံးထဲတွင် ကန်စွန်းရိုးနီကို သင့်သလိုဖြတ်တောက်၍ အညိုရောင်ထန်းလျက် ၁၅ ကျပ်သားထည့်ကာ ကန်စွန်းရိုးနီပင်များ ရေမြုပ်တဲ့ထိ ရေဖြည့်၍ ကန်စွန်းညွန့်များနူးအိလာသည်ထိ ပြုတ်ပေးနိုင်သည်။ ထိုပြုတ်ရည်နွေးနွေးကို ရေဆာတိုင်းသောက်သုံးပေးနိုင်သည်။ တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံး တစ်လုံးစာ လောက်သောက်ပေးရမည်။ ဤနည်းအတိုင်း ငါးကြိမ်၊ခြောက်ကြိမ်ခန့်သောက်ပြီးပါက သူ့အလိုလို ဝမ်းရပ်သွားပါလိမ့်မည်။

ဆောင်းရာသီ အပူကန်လည်ချောင်းနာခြင်းအတွက် ကန်စွန်းရိုးနီကို အညိုရောင်ထန်းလျက်ဖြင့်ပြုတ်သောက်ပေးနိုင်သည်။

ကန်စွန်းရိုးနီကို ရေနွေးနှင့်ဖြော့ပါ။ ထို့နောက် ပါးပါးလှီး ဖြတ်တောက်၍ ငါးကျည်းခြောက်၊ ငရုတ်၊ ကြက်သွန်နီ၊ ဆီ၊ ဆားထည့်၍ သံပရာရည်ဆမ်းကာ အသုပ်အဖြစ် စားသုံးပေးခြင်းဖြင့် ဝမ်းကိုက်ရောဂါ၊ သွေးဝမ်းကိုက်ရောဂါ၊ အမျိုးသမီးတို့တွင် ဖြစ်ပေါ်တတ်သော မီးယပ်သွေးပုပ်ကျန်ရောဂါ၊ မီးယပ်သွေးမမှန်သောရောဂါ၊ သားအိမ်လျှောကျသောရောဂါ၊ သားမြတ်နာ (နို့အုံနာ)၊ နို့ထွက်နည်းခြင်း၊ အသားအရေနှင့် ပတ်သက်သော အရေပြားရောဂါများ၊ အသံဝင်အသံပျက်ရောဂါအပြင် ဆီးအိမ်နှင့်ပတ်သက်သောရောဂါတို့ ကုသရာ၌ အသုံးဝင်စေနိုင်သည်။

ကိုယ်ပူခြင်း၊ ဝမ်းမကောင်းခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဖောခြင်းတို့အတွက် ကလေးရော လူကြီးပါ မိသားစုကျန်းမာစေရန် ကန်စွန်းရိုးနီပင်နှင့် ထန်းလျက်တို့ကို မကြာခဏကျိုသောက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လုံးကျန်းမာစေမည်ဖြစ်သည်။

အနာပဆုပ်ရောဂါကို မန်းဝင်ခဲ့ပါက လယ်ကန်စွန်းရိုးနီကို ဟင်းချိုချဉ်ရည်ဟင်းချက်သောက်ပေးသင့်သည်။

အရေပြားပေါ်ရှိ ပွေးယားနာအတွက် အဖူးကို ကြိတ်ခြေ၍ လိမ်းပေးသင့်သည်။

**ကန်စွန်းရိုးနီ စားသောက်ပုံ**

ကန်စွန်းရိုးနီကို ချဉ်ရည်ဟင်းအဖြစ်လည်းကောင်း၊ ချဉ်ဖတ်အဖြစ်တစ်ဖုံ၊ မန်ကျည်းသီးမှည့်နှင့်ပြုတ်ကာ ငပိရည်အတို့အမြုပ်အဖြစ် ခံတွင်းမြိန်မြိန် စားသုံးနိုင်သည်။ ကန်စွန်းရိုးနီကို ရက်ကြာကြာထား၍ စားသုံးနိုင်သောနည်းမှာ ကန်စွန်းရွက်ချဉ်ဖတ်ထည့် စားသောနည်းဖြစ်သည်။ ကန်စွန်းရိုးနီကို ပါးပါးလှီးထားသော ငှက်ပျောအူတိုင်နှင့်အတူ ချဉ်ဖတ်ထည့်စားသုံးနိုင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်တတ်သည့် ကန်စွန်းရိုးနီသည် ဆေးဖက်ဝင်သောကြောင့် စားသုံးသင့်ကြောင်း ဖော်ပြလိုက်ပါသည်။

❖ မြန်မာ့ဆေးကျမ်းများအလိုအရ ချို၍အေး၏။ မိခင်များနို့ရည်ကို တိုးပွားစေ၏။ ရေတွင်ဖြစ်သော ပိုးတို့ကို နိုင်စေတတ်၏။ လေသလိပ်ကိုဖြစ်စေ၏။ အဆိပ်ကိုပြေစေ၏။ အရွက်ရည်သည် မီးလောင်နာ၊ ဆီးနှင့်ပတ်သက်သောရောဂါနှင့် အပူလောင်ခြင်းတို့ကို ပျောက်ကင်းစေ၏ဟု ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ပွေးယားနာ၊ ဖျားနာ၊ ပန်းနာရင်ကျပ်ရောဂါများအတွက် အသုံးပြုလေ့ရှိသည်။ တရုတ်နိုင်ငံတွင် အရေပြားပြည်တည်ခြင်း၊ သားအိမ်နာရောဂါဖြစ်ခြင်း၊ အစာအဆိပ်သင့်ခြင်းနှင့် ချောင်းဆိုးခြင်းရောဂါအမျိုးမျိုးတို့အတွက် အသုံးပြုလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပန်းနာရင်ကျပ်ရောဂါ၊ သွေးစုနာရောဂါတို့အတွက် အသုံးပြုလေ့ရှိသည်။ ❖

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယား KAI ကုမ္ပဏီက KF-21 Boramae တိုက်လေယာဉ်များကို လေတပ်ထံလွှဲပြောင်းပေးရန် ပြင်ဆင်နေ




တောင်ကိုရီးယား Korea Aerospace Industries(KAI) ကုမ္ပဏီသည် ပြည်တွင်းထုတ် KF-21 Boramae တိုက်လေယာဉ်များကို လေတပ်ထံလွှဲပြောင်းပေးရန် ပြင်ဆင်နေကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Korea Aerospace Industries (KAI) ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်အတွင်း တောင်ကိုရီးယားလေတပ်ထံ လွှဲပြောင်းပေးမည့် အင်ဂျင်နှစ်လုံးတပ် KF-21 Boramae ဘက်စုံသုံး တိုက်လေယာဉ်သည် ပြည်တွင်း၌ ယနေ့ထိ အကောင်အထည်ဖော်ခဲ့ဖူးသမျှတွင် နည်းပညာပိုင်းအရ အခက်ခဲဆုံး လက်နက်စီမံကိန်းဖြစ်သည်။ ၎င်းသည် နိုင်ငံခြားဖြစ် တိုက်လေယာဉ်များအပေါ် မှီခိုမှုကို လျှော့ချရန်နှင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် နှစ်ပေါင်းများစွာရင်းနှီးမြှုပ်နှံခဲ့မှုများကို ပြသလျက်ရှိသည်။

KF-21 ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တောင်ကိုရီးယားအစိုးရသည် ဟောင်းနွမ်းနေသော F-4 နှင့် F-5 လေယာဉ်အုပ်များကို အစားထိုးရန်နှင့် နိုင်ငံခြားလေယာဉ်များအပေါ်မှီခိုမှု လျှော့ချရန် KF-X (Korean Fighter eXperimental) စီမံကိန်းကို စတင်ခဲ့သည်။

KF-21 Boramae သည် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်ပြီး ရေဒါမြင်ကွင်းမှ ပျောက်ကွယ်နိုင်သောပုံသဏ္ဌာန် အဆင့်မြင့်ပျံသန်းမှုထိန်းချုပ်စနစ်နှင့် AESA ရေဒါတို့ကို တပ်ဆင်ထားသည်။ ၎င်းတွင် အတွင်းဘက်လက်နက်ခန်းများ မပါဝင်သော်လည်း နောင်တွင်ထွက်ရှိလာမည့် အဆင့်မြှင့်တင်ထားသောအုပ်စုများ၌ ပိုမိုအဆင့်မြင့်သော Stealth နည်းပညာနှင့် အာရုံခံစနစ်များ ပါဝင်လာမည် ဖြစ်သည်။ ဤတိုက်လေယာဉ်၏ စွမ်းဆောင်ရည်နှင့် ကုန်ကျစရိတ်သည် F-16 တိုက်လေယာဉ်နှင့် F-35 တိုက်လေယာဉ်တို့၏ ကုန်ကျစရိတ်ကြားတွင်ရှိနေစေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အင်ဂျင်နှစ်လုံးတပ်ဖွဲ့စည်းပုံကြောင့် ဒေသတွင်းစစ်ဆင်ရေးများအတွက် သင့်လျော်သော တိုက်ခိုက်မှုအကွာအဝေး စွမ်းရည်ကို ပိုင်ဆိုင်ထားသည်။

ကာကွယ်ရေး စက်မှုလုပ်ငန်းတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ဒေသတွင်းဟန့်တားမှုစွမ်းရည်များကို ပိုမိုဦးစားပေးလာကြသော ကမ္ဘာ့အခြေအနေတွင် KF-21 Boramae တိုက်လေယာဉ်သည် တောင်ကိုရီးယားအတွက် မဟာဗျူဟာမြောက် ပြောင်းလဲမှုတစ်ခုဖြစ်သည်။ ၂၀၂၆ ခုနှစ်တွင် လေတပ်ထံ အောင်မြင်စွာပေးအပ်နိုင်လျှင် နိုင်ငံ၏လေကြောင်းစွမ်းအားကို တောင့်တင်းစေရုံသာမက အင်ဒို-ပစိဖိတ်ဒေသများတွင် ဩဇာလွှမ်းမိုးမှုရှိသော ထွန်းသစ်စလေကြောင်းနှင့် အာကာသအင်အားကြီးနိုင်ငံအဖြစ် ၎င်း၏ ရပ်တည်ချက်ကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

နည်းပညာပိုင်း ရင့်ကျက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းနှင့် လက်တွေ့ကျသော အချိန်ဇယားများကြောင့် KF-21 တိုက်လေယာဉ်သည် စတုတ္ထမျိုးဆက်တိုက်လေယာဉ်များနှင့် ဈေးနှုန်း အလွန်ကြီးမားသော ခေတ်မီ Stealth နည်းပညာသုံး လေယာဉ်များကြားရှိ ကွက်လပ်ကို စိုးမိုးနိုင်မည့် ထူးခြားသောအနေအထားတွင်ရှိနေသည်။ တောင်ကိုရီးယားအတွက် ဤလေယာဉ်သည် ပုံမှန်တိုက်လေယာဉ် တစ်စင်းထက်မကဘဲ ၎င်းတို့၏ မဟာဗျူဟာမြောက်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ကို ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်သကဲ့သို့ ကိုရီးယားကျွန်းဆွယ်ကိုကျော်လွန်သော လေကြောင်းစွမ်းအား ဟန်ချက်ညီမှုကို ပုံဖော်ပေးနိုင်မည့် ပထဝီနိုင်ငံရေး ဩဇာလွှမ်းမိုးမှုဆိုင်ရာ ကိရိယာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**South Korea to Deliver First Locally Developed KF-21 Boramae Fighter Jets to its Air Force in 2026** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်ကမ်းခြေစောင့်တပ်က Wing Loong II ဒရုန်းကို Justice Mission -2025 စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖြန့်အသုံးပြု

တရုတ်နိုင်ငံ ကမ်းခြေစောင့်တပ်သည် Justice Mission -2025 စစ်ရေးလေ့ကျင့်မှုအတွင်း Wing Loong II ဒရုန်းကို တပ်ဖြန့် အသုံးပြုခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ AVIC ကုမ္ပဏီက ထုတ်လုပ်သော Wing Loong II ဒရုန်းသည် ယခင် Wing Loong I ထက် ပိုမိုအဆင့်မြင့်သော မျိုးဆက်သစ်ဒရုန်းဖြစ်သည်။ တောင်ပံအကျယ် ၂၀ ဒသမ ၅ မီတာ၊ အလျား ၁၁ မီတာရှိပြီး အမြင့်ပေ ၉၈၀၀ ထိ နာရီပေါင်း ၂၀ ကျော်ကြာ ဆက်တိုက်ပျံသန်းနိုင်သည်။ ၎င်း၏ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကြောင့် ကီလိုမီတာ ၂၀၀၀ ကျော် အကွာအဝေးမှထိန်းချုပ်နိုင်ပြီး တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတစ်ခုလုံးကို အလွယ်တကူ လွှမ်းခြုံစောင့်ကြည့်ထောက်လှမ်းထားနိုင်သည်။

အဆိုပါဒရုန်းများတွင် လက်နက်တပ်ဆင်ထားခြင်းမရှိသော်လည်း အဆင့်မြင့် အာရုံခံကင်မရာများနှင့် လေဆာလမ်းညွှန်စနစ်များ အပြည့်အစုံ ပါဝင်ဖွဲ့စည်းထားသည်။ ဤစနစ်များကြောင့် ရာသီမရွေး၊ နေ့ညမရွေး ပင်လယ်ပြင်ရှိ သင်္ဘောများနှင့် စစ်ရေးလှုပ်ရှားမှုများကို အဆက်မပြတ် စောင့်ကြည့်နိုင်မည်ဖြစ်သည်။ Wing Loong II ဒရုန်းကို အသုံးပြုခြင်းဖြင့် တရုတ်ကမ်းခြေစောင့်တပ်သည် အရေးပါသောပင်လယ်ပြင်ဇုန်များကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ပြီး ပေါ်ပေါက်လာသော အခြေအနေများကို လျင်မြန်စွာတုံ့ပြန်နိုင်မည်ဖြစ်သည်။

အဆိုပါဒရုန်းသည် ပဲ့ထိန်းဒုံးကျည် ၁၂ စင်းထိ သယ်ဆောင်နိုင်သော ဒီဇိုင်းရှိသော်လည်း ကမ်းခြေစောင့်တပ်တွင် အသုံးပြုသည့် ဗားရှင်းမှာမူ လက်နက်တပ်ဆင်ခြင်းမရှိဘဲ သို့မဟုတ် အနည်းငယ်သာ တပ်ဆင်ထားနိုင်သည့် ဗားရှင်းဖြစ်သည်။

လက်တွေ့စစ်ဆင်ရေးပိုင်းတွင် Wing Loong II ဒရုန်းသည် ရဟတ်ယာဉ်များ သို့မဟုတ် ကင်းလှည့်သင်္ဘောများထက် လွှမ်းခြုံနိုင်မှုနှင့် ကြာရှည်တာဝန်ထမ်းဆောင်နိုင်မှုအပိုင်းတွင် ပိုမိုသာလွန်နေသည်။ တရုတ်ကမ်းခြေစောင့်တပ်၏ အလေးချိန် တန် ၁၀၀၀၀ ဖျက်သင်္ဘောကြီးများနှင့် အဆင့်မြှင့်တင်ထားသော စစ်သင်္ဘောအုပ်စုများတွင် ဤ ဒရုန်းကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် တရုတ်၏ မဟာဗျူဟာမြောက် လေတပ်အင်အား၊ ရေတပ်အင်အားကို အဆပေါင်းများစွာ တိုးတက်စေမည်ဖြစ်သည်။




ယခုကဲ့သို့ စစ်ဘက်အဆင့်မြင့်စနစ်များကို ကမ်းခြေစောင့်တပ်က အသုံးပြုလာခြင်းမှာ နည်းပညာမြှင့်တင်ရုံသာမက တရုတ်၏မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုကိုပါ ပြသနေသည်။ စစ်ရေးစွမ်းရည်များကို တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအတွင်း ထည့်သွင်းထားခြင်းဖြင့် ရန်သူဘက်မှတုံ့ပြန်ရာတွင် ခက်ခဲစေရန် ဖန်တီးထားသော Grey zone နည်းဗျူဟာများကို ပိုမိုကျယ်ပြန့်စွာအသုံးပြုလာခြင်းပင်ဖြစ်ကြောင်း သိရသည်။

**China Coast Guard may have deployed Wing Loong II drone for first time near Taiwan** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကျေးဇူးသိတဲ့ ဇီးကွက်

ဒီတစ်ပတ်မှာတော့ တူလေးနဲ့ တူမလေးတို့ကို ဦးဦးက **"ကျေးဇူးသိတဲ့ဇီးကွက်"** ဆိုတဲ့ ပုံပြင်လေး ပြောပြချင်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောရွာကလေးတစ်ရွာမှာ မောင်ပေါ်ဆိုတဲ့ လူငယ်တစ်ယောက်ရှိသတဲ့ကွယ်။ မောင်ပေါ်တို့ရွာကလေးဟာ မြို့နဲ့အလှမ်းဝေးပြီး တောတောင်တွေနဲ့ ပတ်လည်ဝိုင်းထားသတဲ့ကွယ်။

သူဟာ မောင်ပေါ်ဆိုတဲ့နာမည်အတိုင်း ပေါ်တောတောနေတတ်ပေမဲ့ သူ့ရဲ့စိတ်သဘောထားကတော့ အင်မတန်ကောင်းမွန်သတဲ့ကွယ်။ ပြီးတော့ သူက မိခင်အိုကြီးကို ပြုစုကျွေးမွေးနေတဲ့ လူငယ်တစ်ယောက်လဲဖြစ်သတဲ့ကွယ်။ မောင်ပေါ်ဟာ နေ့စဉ်နဲ့အမျှ တောထဲသွားပြီး မျှစ်ချိုး၊ မှို့ရှာ၊ အသီး၊ အရွက်ခူး စတဲ့အလုပ်တွေနဲ့ပဲ ရှာဖွေစားသောက်နေထိုင်သတဲ့ကွယ်။ တစ်နေ့မှာတော့ သူဟာ မှို့ရှာထွက်ရင်း ရွာနဲ့ခပ်လှမ်းလှမ်းတောနက်ထဲကို ရောက်လာခဲ့သတဲ့ကွယ်။ အဲဒီအချိန်မှာပဲ အော်သံတစ်ခုကို ကြားလိုက်ရသတဲ့။ မောင်ပေါ်လဲ အော်သံကြားရာ သစ်ပင်ဆီကို သွားကြည့်တာပေါ့ကွယ်။ အဲဒီအချိန်မှာ အလွန်ကြီးမားတဲ့မြွေကြီးတစ်ကောင်ဟာ သစ်ခေါင်းဝနားမှာ သစ်ခေါင်းထဲကို ဝင်ဖို့ကြိုးစားနေသတဲ့ကွယ်။ အဲဒါကို ဇီးကွက်တစ်ကောင်က အော်မြည်ရင်း မြွေကြီးကို တိုက်ခိုက်ဟန့်တားနေတာပေါ့ကွယ်။

မောင်ပေါ်လဲ သေချာသွားကြည့်တော့ သစ်ခေါင်းထဲမှာ ဇီးကွက်ဥကလေးတွေရှိနေတာကို မြင်လိုက်ရသတဲ့။ အဲဒီအခါ မောင်ပေါ်လဲ တုတ်ရှည်တစ်ချောင်းကိုဖြတ်ယူလိုက်ပြီး မြွေကြီးကို မောင်းထုတ်ပစ်လိုက်တာပေါ့ကွယ်။ မြွေကြီးက မောင်ပေါ်ကိုမြင်တဲ့အခါ ချက်ချင်းထွက်ခွာသွားသတဲ့ကွယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ရန်ငြိုးဖွဲ့ထားသတဲ့ကွယ်။ ဇီးကွက်ကလေးကတော့ သူ့စိတ်ထဲမှာ မောင်ပေါ်ကို ကျေးဇူးတင်နေမိတာပေါ့ကွယ်။ အခွင့်အခါကြုံတဲ့အခါ ကျေးဇူးပြန်ဆပ်ဖို့လဲ တွေးနေသတဲ့ကွယ်။

အဲဒီလိုနဲ့ နောက်ရက်တွေမှာ မောင်ပေါ်ဟာ အခြားတောတောင်တွေဘက်ကို သွားဖြစ်သတဲ့ကွယ်။ မောင်ပေါ် ဘယ်နေ့ဘယ်တောတောင်ကိုသွားတယ်ဆိုတာ မြွေကြီးက အမြဲလေ့လာစုံစမ်းနေသတဲ့ကွယ်။ ပြီးတော့ ဇီးကွက်ကလေးမှာလဲ မြွေကြီးရဲ့ရန်ကို ကြောက်ရလို့ ဇီးကွက်ပေါက်ကလေးတွေနဲ့အတူ ခဏခဏ နေရာပြောင်းရွှေ့နေရတာပေါ့ကွယ်။ ရက်အနည်းငယ်ကြာတဲ့အခါမှာတော့ မောင်ပေါ်ဟာ



မြွေကြီးတို့ရှိတဲ့ တောထဲကို ထွက်လာခဲ့သတဲ့ကွယ်။ မောင်ပေါ်ဟာ ပုံမှန်ပဲ မှို့ရှာရင်း တောနက်ထဲကို ရောက်လာတာပေါ့ကွယ်။

အဲဒီနေ့မှာ မြွေကြီးက မောင်ပေါ်ကို ချောင်းမြောင်းခြောက်လှန့်ပြီး မျက်စိလည်လမ်းမှားအောင်လုပ်ဖို့ စီစဉ်ထားသတဲ့ကွယ်။ ပြီးတော့ အိမ်မပြန်နိုင်ဘဲ ညနေစောင်း မှောင်လာတဲ့အခါကျမှ မောင်ပေါ်ကိုကိုက်သတ်ဖို့ အစီအစဉ်ဆွဲထားသတဲ့ကွယ်။ မောင်ပေါ်လဲ မြွေကြီးရဲ့ ခြောက်လှန့်သံတွေကို ကြားရတဲ့အခါ ရှေ့ဆက်သွားရင်း တောနက်ထဲကို ရောက်သွားသတဲ့ကွယ်။ နောက်တော့ မောင်ပေါ်ဟာ မျက်စိလည်လမ်းမှားပြီး ထွက်ပေါက်ကို ရှာမတွေ့တော့ဘူးဖြစ်နေတာပေါ့ကွယ်။

အဲဒါတွေအားလုံးကို အဝေးသစ်ပင်ခွကြားကနေ ဇီးကွက်ကလေးက မြင်နေရသတဲ့ကွယ်။ အဲဒီလိုနဲ့ မောင်ပေါ်ဟာ မောပန်းပြီး အားအင်တွေလဲ နုံးချည့်လို့လာတာပေါ့ကွယ်။ အချိန်ကလဲ ညနေစောင်း မှောင်ရီပျိုးချိန်ကို ရောက်လာသတဲ့ကွယ်။

မြွေကြီးကတော့ မောင်ပေါ်သွားမဲ့လမ်းမှာ သစ်ပင်အကွယ်ကနေ ကိုက်သတ်ဖို့ အသင့်စောင့်လို့နေသတဲ့ကွယ်။

အဲဒီအချိန်မှာပဲ ဇီးကွက်ကလေးဟာ မောင်ပေါ်ရှေ့ကိုဝဲပျံလာပြီး မြွေကြီးရဲ့ အကောက်ကြံညာဏ်ဆင်မှုတွေကို အသေးစိတ်ရှင်းပြလိုက်တာပေါ့ကွယ်။ နောက်ပြီး မောင်ပေါ်ရဲ့အိမ်ပြန်လမ်းအတွက်လဲ သူလမ်းပြပေးမဲ့အကြောင်း ဆက်ပြောလိုက်သတဲ့ကွယ်။

နောက်ဆုံးမှာ မောင်ပေါ်လဲ ဇီးကွက်ကလေးရဲ့ အကူအညီနဲ့ ရွာကိုပြန်ရောက်သွားတော့တာပေါ့ကွယ်။ ဇီးကွက်ကလေးကို မောင်ပေါ်က ကျေးဇူးတင်စကားပြောဖို့ပြင်သတဲ့ကွယ်။ အဲဒီအခါ ဇီးကွက်ကလေးက ကျေးဇူးပြန်ဆပ်တာပါလို့ ပြောလိုက်တော့ မောင်ပေါ်လဲ ဝမ်းသာသွားတာပေါ့ကွယ်။ နောက်နေ့မနက်ရောက်တော့ မောင်ပေါ်ဟာ ရွာထဲက လူတွေအားလုံးနဲ့အတူ မြွေကြီးရှိတဲ့တောထဲကို ထွက်လာခဲ့ကြသတဲ့ကွယ်။ ပြီးတော့ နေရာအနှံ့ သံစုံဟစ်ပြီး မြွေကြီးကိုခြောက်လှန့် မောင်းထုတ်ပစ်လိုက်ကြတာပေါ့ကွယ်။ မြွေကြီးလဲကြောက်လန့်ပြီး အဝေးဆုံးကို ထွက်ပြေးသွားတော့တာပေါ့ကွယ်။

အဲဒီအချိန်ကနေစပြီး ဇီးကွက်ကလေးနဲ့ ရွာသူ၊ ရွာသားတွေအားလုံးဟာ မြွေကြီးရဲ့ရန်ကနေ ကင်းဝေးသွားတော့တာပေါ့ကွယ်။

ကဲ… ပုံပြင်လေးကတော့ ဒါပါပဲ ကလေးတို့ရေ။ ဒီပုံပြင်လေးကို နားထောင်ပြီး တူလေး၊ တူမလေးတို့လဲ ပုံပြင်ထဲက ဇီးကွက်ကလေးလိုပဲ ဆရာ၊ မိဘ၊ အစ်ကို၊ အစ်မ၊ မိတ်ဆွေ အစရှိတဲ့ မိမိအပေါ်ကျေးဇူးပြုဖူးသူတွေရဲ့ကျေးဇူးကို ပြန်သိတတ်ရမယ်နော်။ ဒါမှလဲ ဇီးကွက်ကလေးဟာ မြွေကြီးအန္တရာယ်ကနေ လွတ်မြောက်သွားသလိုပဲ ကလေးတို့လဲ ဘေးဒုက္ခအန္တရာယ်တွေကနေ ကင်းဝေးရလိမ့်မယ်ဆိုတာ ဒီပုံပြင်ကလေးက မီးမောင်းထိုးဖော်ပြလိုက်တာဖြစ်လို့ ကလေးတို့ လိုက်နာကျင့်သုံးနိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## စိုက်ခင်းတန်ဖိုး

À တို့အိမ်စိုက်ခင်း စိမ်းစိုလွင်
သီးနှံမျိုးစုံလင်။

À စင်အပေါ်တွင် ဝင့်ကြွားကြွား
ပဲသီး ကိုလံဗား။

À ကြက်ဟင်းခါးသီး ရုပ်ဆိုးမောင်
ဘို့ပြား တထောင်ထောင်။

À ရွှေချဉ်ပေါင်က ရုပ်ပြောင်ပြ
သီးပွင့် ဝေဆာလှ။

À ဘူးသီးဝတုတ် ပြုံးရယ်ရယ်
မြင်သူ ချစ်စဖွယ်။

À ခူးမယ်ချက်မယ် ဝေငှရောင်း
ပျော်ရွှင် ဝင်ငွေကောင်း။ ။



**ကန်မြဲ ချစ်မင်းဝေ**

## ပညာတန်ဖိုး

À စာပေပညာ ဆိုသည်မှာ
ဘဝအတွက် မီးရှူးပါ။

À ပညာအလင်းရောင်ရှိမှ
လူ့ဘဝဆို လှမည်ပ။

À ငယ်ရွယ်နုစ မောင်မယ်တွေ
ဝီရိယနိုး ကြိုးစားလေ။

À တတ်သိပညာ ပြည့်စုံမှ
ဘဝထဲမှာ အသုံးချ
ပညာဆိုတာ ဖိုးနှုဂ္ဃ။



**သုတလင်း(ဆင်ပေါင်ဝဲ)**







## တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)

( ခ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( ဂ ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)

(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)

( င ) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( စ ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။

( ဂ ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

( င ) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။

( စ ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ **ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ - ၁၈

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပ စာမျက်နှာ - ၂၁

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ် စာမျက်နှာ - ၂၄

အကျဉ်းသား၊အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြု စာမျက်နှာ - ၂၂

အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု စာမျက်နှာ - ၂၂


